


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ပြင်ပေးမည့်သူရှိရင် ချက်ချင်းရတယ်

ဇောငါးကြိမ်

၁၄၉

ဟောကြားသည့်နေ့
၂၉-၅-၆၁

0216
TSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# ပြင်ပေးမည့်သူရှိရင် ချက်ချင်းရတယ်

(ဓောငါးကြိမ်)

ဟောကြားသောနေ့ (၂၉-၅-၆၁)

F(1)A

## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီး
## မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ပြင်ပေးမည့်သူရှိရင်၊ ချက်ချင်းရတယ်
## (အောင်ပါးကြိမ်)

ဟောကြားသောနေ့ ( ၂၉-၅-၆၁ )

ဒကာဒကာမတွေ ယနေ့ ရှေ့ပိုင်းက ကိုယ်တွေ့ရမယ့် အရေးလေးကို ရှောင်တဲ့နည်းရော၊ အမှန်တွေ့ရမယ့်ကိစ္စလည်း ရှိတယ်၊ ရှောင်နိုင်တဲ့ကိစ္စလည်းရှိတယ်။ ရှင်းရှင်းပြောကြပါစို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒီခန္ဓာကြီးတွေဟာ ဘယ်သွားနေသတုံးလို့ မေးနေဖို့မလိုတော့ပါဘူးနော် (မှန်ပါ့ဘုရား)။ သေရာဌာန သွားနေတယ်ဆိုတာ လူတိုင်းသိပါတယ် (မှန်ပါ)။

ကိုစောမောင် လူတိုင်းသိတယ် (မှန်ပါဘုရား)၊ ကြီးပြီကွ သေတော့မှာပဲကွ၊ ကြီးပြီကွ သေတော့မှာပဲဆိုတာ သေရာ

ဌာန သူသွားလို့ရောက်တာပေါ့ဗျာ (မှန်ပါ)၊ သူ မသွားရင် (မရောက်ပါဘုရား)။

အဲဒါ ထင်ရှားပြီးသကာလနေတော့ အို. . မွေးတစ်နေ့ သေတစ်နေ့လို့ လူမိုက်ပြောတဲ့စကားကို ဒီလို နားမယောင်ကြ ပါနဲ့နော် (မှန်ပါဘုရား)၊ ဖျက်ပစ်ပါ။

## မသေခင်ဆိုတာ

ဒကာ ဒကာမတို့ ဒီလူမသေခင်၊ မသေခင်ဆိုတာက၊ လေလေးက ရှူလိုက် ရှိုက်လိုက်နေလို့ရှိရင်ဖြင့် မောင်နိုင် မသေ သေးဘူး (မှန်ပါ)၊ နောက်ဆုံးပိတ်လေလေး ပြန်သွင်းပြီးသကာ လ နောက်တစ်ခါပြန်ထုတ်လို့ သွင်းနိုင်တဲ့စိတ်မလာရင် သေ တာပဲ (မှန်လှပါဘုရား)။

လေလေးထုတ်လိုက်တယ် ကိုစောမောင်၊ ပြန်သွင်းနိုင် တဲ့စိတ်၊ အတွင်းက ရှိုက်လိုက်နိုင်တဲ့စိတ် မရှိတော့ဘူး (မှန်ပါ ဘုရား)၊ ဒါဖြင့် ဦးဘလေးတို့၊ ကျုပ်တို့၏ ခန္ဓာကိုယ်ဟာ ဒီနှစ်ခု မှာ တစ်ခုခုပြတ်ရင် သေတယ်ခေါ် ရမှာပဲ (မှန်ပါ)။

ဒီနှစ်ခု တစ်ခုခုပြတ်ရင် (သေတယ်ခေါ် ရမှာပါဘုရား)၊ သေတယ်ခေါ် ရမယ်လို့ဆိုတော့ ဒီနှစ်ခုကြားမှာ ဗြုန်းခနဲ ဒကာ ဒကာမတွေက ဆေးသမားတွေနဲ့ ဝါးသမားတွေနဲ့ ကုသပြီး

ဝေဒနာရှင်ဖြစ်နေတဲ့အချိန်မှာ ကိုစောမောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာရှာတယ်၊ ဒီအတိုင်းများ မင်းတို့ကွာ သူ့ဟာသူချုပ်ပြီး၊ သူ့ဟာသူ ပျက်ပြီး သေသွားလိမ့်မယ်လို့ ဒီလို မထင်ပါနဲ့ဦးကွာ၊ ဒီလိုမထင်ပါနဲ့ဦးတဲ့။

## သွားရမည့်ခရီး မမြင်ဘဲနဲ့ မသေပါဘူး

မင်းတို့သွားရမည့်လမ်းခရီး မမြင်ဘဲနဲ့မသေပါဘူး။ ဘယ်လိုပါလိမ့် (သွားရမယ့်လမ်းခရီး မမြင်ဘဲနှင့် မသေပါဘူး ဘုရား)၊ သွားရမည့်လမ်းခရီးကို ဒကာ ဒကာမတွေ မမြင်ဘဲနဲ့ မည်သူတစ်ဦးတစ်ယောက်မှ မသေပါဘူးတဲ့ (မှန်ပါ့)။

အဲတော့ မည်သူတစ်ဦးတစ်ယောက်မှ မသေဘူးဆို တော့ ကိုမြင့်တို့က မှတ်ရမှာက၊ ဩော်. . . ဒို့ဟာ သေမယ့် ပုဂ္ဂိုလ်တွေလည်း ဟုတ်တယ်၊ သေခါနီးပေါ်လာမည့်စိတ်တွေ ကလည်း သွားရာလမ်းခရီးမြင်ဦးမှာတဲ့ (မှန်ပါ)။ သွားရာလမ်း ခရီးကို (မြင်ဦးမှာပါဘုရား)၊ မြင်ဦးမှာပဲဆိုတော့ ဒီအမြင်သည် ကားလို့ဆိုရင် ဘယ်သူ့အမြင်နဲ့ မြင်ရတာတုံး မေးတော့ သေခါနီးအခါ ပေါ်လာတဲ့ **မရဏာသန္နဇောစိတ်၏** အမြင်နဲ့ မြင်ရတာ (မှန်ပါ)။

ကိုစောမောင် ဇောစိတ်နော် (မှန်ပါဘုရား)၊ ဇောစိတ်ငါးစိတ်က မြင်ရတာပါ။ သေခါနီးမှ ဒီငါးစိတ်လာတာ မောင်နိုင် (မှန်ပါ)၊ သေမည့်စိတ် (၅) စိတ်နော် (မှန်ပါဘုရား)။

## သေရာကို့မြင်တဲ့စိတ် (၅)စိတ်

သေခါနီးမှ သေရာကိုမြင်တဲ့စိတ် (၅)စိတ်ပေါ်ပြီးမှ နောက် စုတိစိတ်ဆိုတာ လာတာ (မှန်ပါ)၊ ကိုစံလှ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဒါ **မရဏာသန္န**ဇောစိတ် (၅)စိတ်၊ ဒါအရင်ပေါ်လိမ့်ဦးမယ် ကိုစံလှ (မှန်ပါ)။

ဒါအရင်ပေါ်ပြီးတော့မှ စုတိဆိုပြီး ဒီက ဒီဘဝ နောက်ဆုံးပိတ်စိတ်ဖြစ်တာ။ သဘောကျပလား (ကျပါပြီဘုရား)၊ ဒါက ဘာတဲ့တုံး (သေခါနီးဇော (၅)ကြိမ်ပါဘုရား)၊ သေခါနီးဇော (၅)ကြိမ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## သေခါနီးဇော (၅)ကြိမ်

ဒါက ဘာပါလိမ့် (သေခါနီးဇော (၅)ကြိမ်ပါဘုရား)၊ သေခါနီးဇော (၅)ကြိမ်ပြီးတော့မှ ဘာဖြစ်လာတုံး၊ စုတိစိတ်၊ ဒါ ဒီဘဝ လမ်းဆုံးတာ (မှန်ပါ)၊ ဦးဘလေး ဒီဘဝလမ်းဆုံးပြီ (မှန်ပါ)၊ ဒီဘဝအတွက်တော့ ဒါ နောက်ဆုံးပိတ်စိတ်ပဲ၊ မရှိ

တော့ဘူး။ ဒီစိတ်ပြီး နောက်စိတ် ဒီခန္ဓာထဲမှာ မလာတော့ဘူး၊ နောက် ပဋိသန္ဓေသာနေတော့မယ် ကိုစောမောင် (မှန်ပါ)။ ကဲ- ဒါဖြင့် သူ့ဘယ့်နှယ့်ဆိုကြမတုံး၊ နောက်ဆုံးပိတ်စိတ် (မှန်ပါ)။

**"စုတိစဝနတာ ခန္ဓာနံ ဘေဒေါ အန္တရဝါနံ ပစ္ဆိမာနံ ကာလံကိရိယာ ခန္ဓာနံဘေဒေါကဠေ ဝရသာ နိကွေပေါ"** လို့ လာတဲ့ဥစ္စာ ဒီစိတ်ပြီးလို့ရှိရင် ခန္ဓာကိုယ်ကြီး သုသာန်သာ ပို့ဖို့ စိတ်ကူးကြတော့၊ ဒီစိတ်ပြီးရင် ခန္ဓာကိုယ် သုသာန်ပို့ဖို့ပဲ၊ ရှင်းကြ ပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ့ဦး မသေခင်လာ တဲ့စိတ်က ဘယ်နှစ်စိတ်ပါလိမ့် ( (၅)စိတ်ပါဘုရား)၊ ဇော (၅)စိတ် ဆိုတာ ဒါပါပဲ (မှန်ပါ)၊ အခုလို ခင်ဗျားတို့ သားနဲ့၊ သမီးနဲ့နေတဲ့စိတ်တွေပေါ့ဗျာ၊ ရောင်းတဲ့စိတ်၊ ဝယ်တဲ့စိတ်၊ ဒါတွေနဲ့ နေကြတာပဲတဲ့၊ သို့သော် သေခါနီးကျတော့ မောင်နိုင် ဇောဘယ်နှစ်ကြိမ်လာမှာ ( (၅) ကြိမ်လာမှာပါဘုရား)၊ ရှင်းပြီ နော် (ရှင်းပါပြီဘုရား)။

## ကုသိုလ်ဇောလည်း ဖြစ်နိုင်တယ်

ဒီဇောဟာက ကုသိုလ်ဇောလည်းဖြစ်နိုင်တယ်၊ ကိုစံလှ (မှန်ပါ)၊ အကုသိုလ်ဇောလည်း (ဖြစ်နိုင်ပါတယ်ဘုရား)၊ သူက

နှစ်မျိုး (မှန်ပါ) ဦးဘလေး သူက ဘယ်နှစ်မျိုးပါလိမ့် (နှစ်မျိုးပါဘုရား)၊ ဒကာ ဒကာမတို့ ရှင်းရှင်းလင်းလင်း ပြောနေတယ်၊ သေသေချာချာ နားထောင်ပါ။

သေသေချာချာ နားထောင်ပါတဲ့၊ ဘယ်သူမှ မလာမရှိဘူးနော် (မှန်ပါ)၊ သဘောပါကြပလား (ပါ ပါတယ်ဘုရား)၊ ဘယ်သူမှ မလာမရှိပါဘူးဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)၊ ကောင်းပြီ ဒါဖြင့် ဒီဇော (၅)ကြိမ်က ဒီစိတ်တွေပဲ၊ စိတ်ငါးကြိမ်က တစ်ခုချုပ်ပြီး တစ်ခုဖြစ်တာပဲ၊ တစ်ခုချုပ်ပြီး တစ်ခုဖြစ်တာပဲ၊ ဒီတစ်ခုချုပ်ပြီးလို့ ဒီတစ်ခုဖြစ်တာ၊ ဒီတစ်ခုချုပ်ပြီးမှ ဒီတစ်ခုဖြစ်တာ၊ သူပြီးတော့မှ စုတိစိတ်ဖြစ်တာ၊ ဒါသဘော တူလို့သာ (၅) ခုလို့ပြောလိုက်တယ်၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တာလို့ ဒကာ ဒကာမတွေက မှတ်ထားပါ (မှန်ပါ့)။

## ဇော(၅)ကြိမ်ကဘာကိုမြင်သတုံး

ဒီဇော(၅)ကြိမ်က ဘာကိုမြင်သတုံးလို့မေးဖို့လိုတယ်၊ ဒီဇော(၅)ကြိမ်က ဘာကိုမြင်သတုံးလို့ဆိုတော့ ဒကာ၊ ဒကာမတို့ အကုသိုလ်လုပ်ထားပြန်လို့ရှိရင်လည်း၊ လိမ်လည်ကောက်ကျစ်ထားလို့ရှိရင်လည်း လိမ်လည်ကောက်ကျစ်တာလေးက ဒီအချိန်မှာ လာမြင်တာ (မှန်ပါ့)။

လိမ်လည်ကောက်ကျစ်ပြီးထားတာတွေလေ (မှန်ပါ့) လိမ်လည်ကောက်ကျစ်ထားတဲ့ဥစ္စာ ဘယ်သူ့လိမ်ထားတာတွေ၊ အဲဒီ့ အမူအရာလေးတွေ ပေါ့ဗျာ၊ ပြောပုံ ဆိုပုံ လေးတွေ၊ အဲဒါတွေ လာတယ်နော် (မှန်ပါဘုရား) ရှေးကဘယ်တော့မှ မပေါ်ဘူးတဲ့ မောင်နိုင် (မှန်ပါ့)၊ သေခါနီးမှ ခုနင်က လိမ်လည်ကောက်ကျစ်တာ ဒီဇောက သွားမြင်တာ၊ ကိုစံလှရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## လိမ်လည်ခဲ့ပုံတွေသေခါနီးမှာ ပေါ်တယ်

ဒီဇောက လိမ်လည်ကောက်ကျစ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ်နဲ့လိမ်လည်ပုံ၊ လှည့်ပြီးစကားပြောပုံတွေဟာ အကုန်ပေါ် လာတယ် အဲဒါတွေသွားပြီး သတိရတယ်၊ ဒီစိတ်က၊ သဘောကျပလား (ကျပါပြီဘုရား)။ အဲဒါ ကံအမူအရာတွေမြင်တာပဲ၊ အကုသိုလ်ကံတွေသွားမြင်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကုသိုလ်ဇောဖြစ်ခဲ့လို့ရှိရင်လည်း ဒကာ ဒကာမတွေက လှူဒါန်းပေးကမ်းလို့ရှိရင်လည်း လှူဒါန်းပေးကမ်းတဲ့ သက်နှင်းတွေကပ်နေတဲ့ပုံတွေ၊ မြင်ချင်မြင်လာလိမ့်မယ်၊ ဒါဖြင့် ဒီဇော ဘာဇော ခေါ်ကြမတုံး (ကုသိုလ်ဇောပါဘုရား)။

## ဝိပဿနာလုပ်ထားတဲ့ပုဂ္ဂိုလ်

တစ်ခါဝိပဿနာတွေ လုပ်ထားတဲ့ ပုဂ္ဂိုလ်တွေကျတော့လည်း ဝိပဿနာက ဥပမာ-သောတာပန်၊ သောတာပန်မှ မဆိုက်သေးဘူး၊ ဖြစ်ပျက်မြင်တဲ့ အခြေအနေလေးလောက်ရှိသေးတဲ့ ပုဂ္ဂိုလ်ကျတော့လည်း၊ အင်းသူဖြစ်ပျက်ကလေးတွေပဲ မြင်လာတယ်၊ ဖြစ်ပျက်ဆိုတဲ့ ကံတွေမြင်လာတယ် မောင်နိုင်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သူအလုပ်များရာသူမြင်တာပေါ့(မှန်လှပါဘုရား) အလုပ်များရာကို (သူမြင် ပါတယ်ဘုရား)။

## သူ့အလုပ်များရာသူမြင်တယ်

သူအလုပ်များရာ သူမြင်တယ်ဆိုတာ မှတ်ထားလိုက်တော့မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဩော်. . . အသေဆိုတာသည် ကိုယ်လုပ်ထားတာ ကိုယ်မြင်ပြီးသကာလ သေရတာကိုဆိုတာပေါ် လာတယ် (မှန်ပါ)။ ကိုယ်လုပ်ထားတာကို (ကိုယ်မြင်ပြီးမှသေပါတယ်ဘုရား) ဒီတိုင်း တိတ်တိတ်ပုန်းသေလို့ ဖြစ်တာမဟုတ်ပါဘူး၊ တိတ်တိတ်ပုန်းသေလို့ မဖြစ်ဘူးနော်။

## ခွေးနက်ကြီးတွေငရဲအိုးတွေ

အဲဒါဖြင့် တချို့ကျတော့ ဘယ်လိုမြင်လာတုံးဆိုတော့ မောင်နိုင်ရေ . . . ဒီကံတွေ တန်ခိုးကြောင့်ပေါ့လေ၊ ဒီက အကုသိုလ်ကံတို့၏ တန်ခိုးကြောင့် ခွေးနက်ကြီးတွေ၊ ငရဲအိုးကြီးတွေ၊ ငရဲထိမ်းတွေမြင်လာတယ် (မှန်ပါ)၊ နဂိုအကုသိုလ်တွေက လုပ်ထားတာကို (မှန်ပါ)၊ လောဘ၊ ဒေါသ၊ မောဟ အလုပ်တွေနဲ့ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်နေတော့လေ (မှန်ပါ) ဘာတွေမြင်ကြပါလိမ့်၊ ခွေးနက်ကြီးတို့၊ ငရဲအိုးတို့၊ ငရဲထိမ်းတို့ ပေါ့ဗျာ၊ ဒါတွေမြင်လာတော့ မျက်ရည်တွေစီးကျလာတယ်။

## ပေါ့ပေါ့နေခဲ့မိတာမှားပေါ့

မျက်ရည်တွေစီးကျတယ်၊ လန့်သွားတယ်၊ ဦးဘလေး ဘာဖြစ်တာတုံး (လန့်သွားပါတယ်ဘုရား)၊ နောက်ကဒကာ ဒကာမတွေ (လန့်သွားပါတယ်ဘုရား) ဩော် ပေါ့ပေါ့နေခဲ့မိတာ မှားပေါ့၊ ပေါ့ပေါ့နေခဲ့မိတာဖြင့်မှားပြီ၊ မျက်ရည်စီးကျတယ်ဆို ကတည်းက ခန္ဓာမသေသေးဘူးဆိုတာ သေချာတယ် (မှန်ပါ) ကိုမြင့် ဘာတုံး (ခန္ဓာမသေသေးဘူးဘုရား) ခန္ဓာမသေသေးဘူး ဆိုတာ ရှင်းနေတာပဲ (မှန်ပါ)။

## အနေမှားခဲ့လို့အရောက်မှားတယ်

ဒါဘယ့်နှယ်ကြောင့် မျက်ရည်ကြီးငယ်ကျရပါလိမ့်မတုံး ဆိုတော့၊ ဩော် ငါအနေမှားခဲ့လို့ အရောက်ဖြင့်မှားတော့မှာ ပဲဆိုတာ သူ့ဟာသူသိတယ် (မှန်ပါ) အနေမှားခဲ့တဲ့အတွက် (အရောက်မှားပါတယ်ဘုရား) အရောက်မှားတော့မှာပဲဆိုတာ သူ့ဟာသူသိတယ် (မှန်ပါ)။

ဒကာ ဒကာမတို့ ဒီဥစ္စာ၊ သေမှုဒီအကြောင်းကို သိနေရင် အပိုပဲ သေရင်ဒါတွေလာလိမ်မယ်၊ မကောင်းလုပ်ထားတဲ့ ပုဂ္ဂိုလ် က မကောင်းတဲ့ခွေးနက်ကြီးတို့၊ ငရဲအိုး၊ ငရဲထိမ်းတို့မြင်လာလိမ့် မယ်ဆိုတာ ခုကမှတ်ထားလိုက် (တင်ပါဘုရား) ဒါပြောနေတာပဲ ဘုန်းကြီးကတော့နော်။

## အခုအချိန်ပြင်ရင်ရသေးတယ်

ပြောနေတာက အခုအချိန်ပြင်ရင်ရသေးတယ်ဆိုတာ ကိုစောမောင် သတိပေးချင်လို့ပါ (မှန်ပါ) ဘုရားကလည်း ဒီအတိုင်း ဟောထားတယ်နော်၊ ကိုင်းဒါဖြင့် ကောင်းတဲ့နေရာ ကလည်းကောင်းတဲ့နေရာ သုဂတိသွားမည့် ပုဂ္ဂိုလ်ကျတော့ လည်း၊ နတ်သမီးတွေ၊ ဗိမာန်တွေ၊ နတ်ရထားတွေ၊ ဒီဇော (၅) ကြိမ်က မြင်တာပဲ မောင်နိုင် (မှန်ပါ)။

မကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ ဒီဇော (၅) ကြိမ်ကပဲ ငရဲအိုး၊ ငရဲထိမ်းတွေမြင်တာပဲ (မှန်ပါ)၊ ပြိတ္တာဘုံသွားမည့် ပုဂ္ဂိုလ်ဖြင့်လည်း အင်းတောင်ကြီးတွေ၊ ချောက်ကြီးတွေ ကြားကြီးတွေမြင်တာပဲ (မှန်ပါ)၊ ဒီဇော (၅) ကြိမ်ကမြင်တာ မောင်နိုင် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မသေခင်က ကိုယ်ရောက်မည့်နေရာ သိရသလား၊ မသိရဘူးလား ကိုပေါ် မေးရင်ဘယ့်နှယ့်ပြောမတုံး (သိရပါတယ်ဘုရား)၊ သေပလား (မသေသေးပါဘူးဘုရား)၊ မသေသေးပါဘူး ဒကာ ဒကာမတို့ မသေခင်က သိရတာ၊ အဲ ဒီတော့ ဒီအချိန်မှာ အခုဘုန်းကြီးပြထားတာသိတော့ ဇော (၅) ကြိမ်ပြီးရင်စုတိဆိုတာ ဒီဘဝနောက်ဆုံးပိတ်စိတ်လို့ပြောတာပဲ ကိုစောမောင် ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။

ပြင်ချိန်ရှိသေးရဲ့လား၊ ဒကာကြီးလှိုင်ပြင်ချိန် (မရှိတော့ ပါဘူး ဘုရား)၊ ဒါဖြင့် ပြင်ချိန်သည် ဘယ်အချိန်ကပြင်ရမှာတုံး ဆိုတော့ဖြင့် အခုက ပြင်ကြ (မှန်လှပါဘုရား)၊ ကိုစံလှရေ (ခုက ပြင်ရမှာပါဘုရား)၊ အခုကပြင်ကြရမှာ ဒကာ ဒကာမတို့ (မှန်ပါ)၊ အခုက ပြင်ကြရမယ်ဆိုတာ သတိပေးလိုက်ပါတယ် (မှန်ပါ ဘုရား)။

## ငရဲအိုးတွေမြင်ပြီးလန့်နေတာ

ခုက မပြင်ရင်ဖြင့် ဒီနေရာကျမှ မျက်ရည်ကြီးငယ်ကျပြီး ဒါ ယောက်ျားစိတ်ဆိုပါတော့၊ ယောက်ျားကဝေဒနာဖြစ်နေတယ်၊ ဒီနားက သားမယားကလည်းရှိ၊ ဒီဘက်က သားသမီးတွေက လည်းရှိတယ်၊ ဘာစားချင်တုံး သတိလေးထားပါ၊ ပြောပေမဲ့ သူကမကြားတော့ဘူး၊ ဟိုဟာသာမြင်ပြီး လန့်နေတာ (မှန်ပါ)၊ ခွေးနက်ကြီးတွေ၊ ငရဲအိုး၊ ငရဲထိမ်းတွေ မြင်ပြီးသူလန့်သွားတာပဲ ဒီကဘာပြောပြော မကြားတော့ဘူး၊ အဲဒါကို ခင်ဗျားတို့က နားဆွံ့သွားပြီလို့ ပြောကြတယ် မဟုတ်ပါဘူးတဲ့၊ ကဲ စုတိစိတ်နဲ့ ပြန်ချုပ်ထားတာ ကြားကို မကြားတော့ဘူး ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သူက ဟိုမှာ အာရုံကို ကြည့်ပြီးလန့်ပြီးနေတော့ ဘယ်သူ့ အသံမှ ဂရုမစိုက်နိုင်ဘူး၊ ငါကိုယ်ကျိုးနည်းပြီလို့ ဝမ်းနည်းနေတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ မကြားလို့လား၊ သူ့ဟာသူဝမ်းနည်း နေလို့လား (ဝမ်းနည်းနေလို့ပါဘုရား) သူ့ဟာသူမျက်ရည်တွေကျလာတာ၊ မျက်ရည်တွေမကျဘူးလား ကယ်ကြပါဦး၊ ယူကြပါဦး အော်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ အော်လာတယ် (မှန်ပါ)၊ မောင်နိုင် ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

## ဒီဇောကလူတိုင်းကြုံရမယ်

ဒါဖြင့် ဒီဇော (၅) ကြိမ်သည် လူတိုင်းလာရမယ်(မှန်ပါ) ဒကာ ဒကာမတို့ ဇော (၅) ကြိမ်ဟာ (လူတိုင်းလာမှာပါဘုရား) လူတိုင်းလာရမယ်ဆိုတာသေချာပလား (သေချာပါတယ် ဘုရား) အနားက ခင်ပွန်းထိုင်နေတယ် ကယ်နိုင်ရဲ့လား (မကယ်နိုင်ပါဘူး ဘုရား) ဒီက သားကြီး သမီးကြီးတွေက (မကယ်နိုင်ပါဘူးဘုရား)။

## သူ့မှာကယ်ချိန်ကုန်ပြီ

ဒါဘာ့ကြောင့် မကယ်နိုင်သတုံးလို့ မေးဖို့မလိုဘူးလား (လိုပါတယ်ဘုရား)၊ အေး သူ့မှာ ကယ်ချိန်ကုန်ပြီတဲ့၊ ကိုစောမောင် ဒီကြည့်လေ ဒီငါးခုပြီးတော့မှ ဘာလုပ်ရတော့မှာတုံး၊ ဒီငါခုက လည်း သိပ်ကြာတာမှ မဟုတ်ပဲ (မှန်ပါ)၊ (၁၊၂၊၃၊၄၊၅)ဆို ကုန်ပြီ (မှန်ပါ) ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)၊ အဲတော့ ခင်ဗျားတို့ ပြော် . . . ဒါဖြင့် မသေခင်က သိရတယ်ဆိုလို့ရှိရင်ဖြင့်၊ ဒို့ဟာ ကိုယ်ကျိုးနည်းတော့မယ်။

## စောစောပြင်ပါ

အခုလို စောစောက၊ ဒီငါးခုလာမှ မပြင်နဲ့တော့နော် (မှန်ပါ)၊ အခုလိုစောစောက ပြင်မယ်ဆိုတော့ ဘုန်းကြီးနေ့တိုင်း

ဒကာ ဒကာမတွေဆုံးမသွန်သင်၊ တရားဓမ္မတွေပြောပြီးသကာလ နေတာစောစောပြင်ပါပြောတ (မှန်ပါ)၊

ဘာပြောတာပါလိမ့် (စောစောပြင်ဖို့ပါဘုရား)၊ ဒါခင်ဗျားတို့က တွေ့မှတော့ ပြင်လို့မရတော့ဘူး (မှန်ပါ)၊ တွေ့မှပြင်လို့ရတာ ဝတ္ထုပေါင်းတစ်သိန်းမှ ကိုစောမောင် တစ်ခုလောက်တွေ့တယ်၊ ဘုန်းကြီးတို့ ပိဋကတ်သုံးပုံ မွှေနှောက်ပြီးရှာလိုက်တာ (မှန်ပါ)၊ ပြင်လို့ရတာ ဝတ္ထုပေါင်းတစ်သိန်းလောက်မှ ဒကာကြီးလှိုင် တစ်ဝတ္ထုလောက်တွေ့တယ် အင်မတန်နည်းဘူးလား (နည်းပါတယ်ဘုရား)။

## သွားရာလမ်းခရီးမြင်ပြီးမှသေတာ

အဲတော့ ဒကာ ဒကာမတို့ သေဆိုတာ ဖျတ်ခနဲသေသွာတာလား၊ သွားရာလမ်းခရီးမြင်ပြီးမှ သေတာလား (သွားရာလမ်းခရီးမြင်ပြီးမှ သေတာပါဘုရား) သွားရာလမ်းခရီးမြင်ပြီးမှ သေတာဆိုတော့၊ ဩော် မကောင်းစိတ်တွေလာလို့ရှိရင်လည်း မကောင်းတာမြင်တာပဲ (မှန်ပါ)။

မကောင်းစိတ်တွေလုပ်ထားရင်လည်း (မကောင်းတာမြင်တာပါဘုရား)၊ သေခါနီးမကောင်းတဲ့ဇော မလာဘူးလား (လာပါတယ်ဘုရား)၊ အဲတော့ ကိုမြင့်တို့ အားလုံးဒကာ ဒကာမ

တွေက စဉ်းစားပြီးသကာလ ကြည့်တော့မှ ဩော် . . . ပြင်ချိန် ကောင်းတုန်းက ပြင်မှပဲ (မှန်ပါ)။

## အကျိုးလိုလားတဲ့ဆရာသမားနဲ့တွေ့လို့

ကိုစံလှရေ ဒါ အင်မတန် အကျိုးလိုလားတဲ့ ဆရာသမား နဲ့လည်း တွေ့လို့ ခင်ဗျားတို့ကလည်း နားထောင်ချင်စိတ်ရှိလို့ တော်သေးတာ (မှန်ပါ) နို့မဟုတ်ရင် ဒီဥစ္စာ ဒို့ပြင်ချိန်ရှိသေးတယ် ဆိုတော့ အခုချိန်မှာ ပြင်လိုက်ဦးမယ်ဆိုတဲ့ စိတ်ကလေး မွေးလို့ ရသေးတယ် ကိုစောမောင်၊ ဒီနေရာကျမှတော့ မွေးလို့ရပါမလား (မရပါဘူးဘုရား)၊ ဒီနေရာကျတော့ မွေးလို့မရဘူး၊ ညီအစ်ကို မောင်နှမသားချင်းတွေလည်း ဘယ်သူကလာကယ်နိုင် ယူနိုင် သေးတုံး (မယူနိုင်ပါဘုရား)။

## မမြင်တော့ဘူး၊ မကြားတော့ဘူး

ဟော့ ဒီက မင်းအတွက် လှူတဲ့သင်္ကန်းလေးပြနေ တောင် မမြင်တော့ဘူး၊ ကြောက်နေတာ သဘောကျပလား (ကျပါပြီဘုရား)။ မင်း လှူထားတဲ့ ဟာလေးတွေ ပြန်နှလုံး သွင်းပါလားလို့ ဘေးကသူတော်ကောင်းက သတိပေးလည်း သူကြောက်နေရလို့ ဒါတွေမကြားဘူး (မှန်ပါ) ကြားသေးရဲ့လား (မကြားပါဘူးဘုရား)။

F ( 2 ) A

တစ်ခါတည်း မျက်ရည်တွေသာကျပြီး ဝမ်းနည်းနေတာပဲ ဝမ်းနည်းပြီးတစ်ခါတည်း စုတိစိတ်လာတာပဲ၊ စုတိစိတ်လာပြီးသည်နှင့် တစ်ပြိုင်တည်း ဘယ်သူမှ မပို့ရဘူး၊ ဒီကံတွေက ပို့ချလိုက်တာ၊ ဥပမာ - တိရစ္ဆာန်ဖြစ်မယ့် ပုဂ္ဂိုလ်ဖြင့် တိရစ္ဆာန်ဝမ်း ထဲရောက်သွားတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

ငရဲကျမည့် ပုဂ္ဂိုလ်ဖြင့် ဒယ်အိုးထဲရောက်သွားတာ၊ အစစ် တောင်မခံရဘူး တချို့ကျတော့၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)၊ အဲတော့ ဒကာ ဒကာမတွေ ဒီအချိန်ကျမှ ပြင်လို့မရဘူးဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်အချိန်က ပြင်ရမယ် (အခုအချိန်က ပြင်ရမှာပါဘုရား)၊ အခုအချိန်က ပြင်ကြရမယ်ဆိုတာ ကြပ်ကြပ်သတိထားပါ (မှန်ပါ)။

## ခုအချိန်ဘာနဲ့ပြင်ရမှာတုံး

ဘယ်အချိန်က ပြင်ကြရမှာတုံး (အခုအချိန်က ပြင်ကြရမှာပါဘုရား)၊ ခုအချိန်က ပြင်ရမယ်နော်၊ အဲဒါကြောင့် ပြင်တော့ ဘာနဲ့ပြင်ရမှာတုံးလို့ မေးတော့ ဘုရားက ဈာယထ-ဝိပဿနာ ရှုကြပော့၊ ဒါပြင်နည်းလေးပေးတာ (မှန်ပါ)။

## ပြင်နည်းပေးနေတာ

ဒကာ ဒကာမတို့ ဘယ်လိုပြင်နည်းပေးပါလိမ့် (ဝိပဿနာ ရှုရမှာပါဘုရား) ဈာယထဘိက္ခဝေ မာပမာဒတ္ထ၊ ဘိက္ခဝေ = ရဟန်တို့၊ ဈာယထ = ဝိပဿနာရှုကြ၊ ခန္ဓာကိုယ်ရှုပါကွ၊ မာပမာ ဒတ္ထ = မေ့လျော့ပြီးမနေနဲ့၊ ပေါ်ကြပလား ဘာနဲ့ပြင်ကြမယ် (ဝိပဿနာ ရှုပြီးပြင်ရမှာပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဝိပဿနာ ရှုထားတဲ့ပုဂ္ဂိုလ်ကျတော့ သေခါနီးကျတော့လည်း သူဖြစ်ပျက်တွေပဲ မြင်လာတယ် (မှန်ပါ)၊ မောင်နိုင်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်တွေမြင်တယ်ဆိုကတည်းက ဩော် အနိစ္စခန္ဓာပါလား၊ အနိစ္စခန္ဓာပါလား ဆိုပြီးသကလ အနိစ္စဉာဏ်နဲ့ သေသွားတယ် (မှန်ပါ)။

## အနိစ္စဉာဏ်နဲ့သေသွားရင်

အနိစ္စဉာဏ်နှင့်သေသွားရင် သူသေခါနီး စုတိမရောက်ခင်လေးမှာ သူဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လည်း ဖြစ်နိုင်တယ်၊ နိဗ္ဗာန်ရောက်နိုင်တယ် (မှန်ပါ)။

တစ်နည်းဒီအတိုင်း အနိစ္စဒုက္ခမြင်ပြီးသေလို့ရှိရင် သုဂတိ ချက်ချင်းရောက်သွားမယ် ကိုစောမောင် (မှန်ပါဘုရား)၊ စုတိပြီး သုဂတိရောက်မယ် (မှန်ပါ)။

## သောတာပန်တည်တယ်

သုဂတိရောက်လို့ နတ်သမီးရင်ခွင်ထဲမှာ ထိုင်ရက်ကလေးသွားပြီး ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ၊ ဩော် ငါဘယ့်နှယ့်ကြောင့် ဒီနေရာရောက်လာပါလိမ့်မတုံးလို့ မတွေးပဲနှင့် ဩော် . . ဒီခန္ဓာကြီးဟာ အနိစ္စပါလား၊ ဒုက္ခပါလား အနတ္တပါလားဆို အဲဒီ့ရင်ခွင်ထဲမှာ သွားသောတာပန်တည်တယ် (မှန်ပါဘုရား)။

ဒီက ဝိပဿနာသာ ရှုတဲ့ပုဂ္ဂိုလ်ကို (မှန်ပါ)၊ သူထင်တဲ့ နိမိတ်ကလည်း နတ်ရွာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား) သူသည်ထင်တဲ့ အာရုံကကော နတ်ရွာသုဂတိလာထင်ဟာပဲ ကိုစောမောင် (မှန်ပါ)၊ ဒါဖြင့် အထင်လည်းကောင်းတယ်၊ အရောက်ကော (ကောင်းပါတယ်ဘုရား)။

## ဒါဘာလုပ်ထားလို့တုံး

ဒါဘာလုပ်ထားလို့တုံးဆို ဈာယထ - ဝိပဿနာရှုထား

လို့၊ ဒကာ ဒကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဘာလုပ်ထားတာတုံး (ဝိပဿနာလုပ်ထားလို့ပါဘုရား)၊ ဝိပဿနာ ရှုထားကြလို့၊ မာပမာဒတ္ထ = မေလျော့ပေါ့ဆ၍ မလုပ်ပါနှင့်၊ ပဍ္ဍာ = မင်းတို့သေခါနီးအခါကာလကျမှ ဒီငါးခုလာမှာပေါ့ (မှန်ပါ)၊ မောင်နိုင်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဝိပ္ပဋိသာရိနော - ငါတော့ မှားခြင်းကြီးမှားပြီလို့ ဒီကျမှ မျက်ရည်ကြီးငယ် မကျနဲ့တဲ့ ဒီကျမှ ကျရင်အပိုပဲတဲ့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဒီကျမှကျတော့ ဒီနားကကားက ပြင်လို့ရရဲ့လား (မရပါဘူးဘုရား)၊ ဒီနားကစိန်တွေ ရွှေတွေ မြတွေကကော (မရပါဘူးဘုရား)၊ ဒကာကြီးလှိုင် ဘာက အကူအညီပေးသေးတုံး (မပေးနိုင်ပါဘူးဘုရား)။ ဘာကမှ မပေးနိုင်ဘူးဆိုတာ ကိုစောမောင် သေချာနေပြီ (မှန်ပါဘုရား)။

## ပြုံးချင်ရင်ဝိပဿနာရှုထားကြ

ဒါဖြင့် ဒကာ ဒကာမတို့ သေခါနီးမှ နှလုံးမသာယာဖြစ်ရတာဟာ မကောင်းတော့ဘူး၊ တစ်ခါတည်း ဒီဥစ္စာကို ဒို့တော့ အစလောက်ကတည်းက ဝိပဿနာရှုထားတော့မယ်ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ထင်တဲ့ နိမိတ်ကလည်း ကောင်း၊ ပြုံးများနေလိုက်သေးတယ်။

ဒီဇောနဲ့ ပြုံးလိုက်သေးတယ် ကိုစံလှရေ (မှန်ပါ)၊ ဒီဇောက မဲ့လည်းမဲ့နိုင်တယ်၊ ပြုံးကော (ပြုံးနိုင်ပါတယ်ဘုရား)၊ အဲ . . . မဲ့လည်းမဲ့နိုင်၊ ပြုံးလည်းပြုံးနိုင်တဲ့ ဇောဖြစ်သောကြောင့် မမဲ့ချင်လို့ ရှိရင် ဝိပဿနာရှုထား၊ ပြုံးချင်လို့ရှိရင်ပေါ့ဗျာ၊ မလုပ်ထိုက်ဘူးလား (လုပ်ထိုက်ပါတယ်ဘုရား)။

## ၁၇၉၂ ကြိမ်မှားသွားတယ်

ကဲဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာဘုရားသည် အကြိမ်ပေါင်း (၁၇၉၂) ကြိမ်၊ (၄၅)နှစ် အချိန်မှာပြောတာ အကြိမ်ပေါင်း (၁၇၉၂) ကြိမ်တောင်မှာ သွားတဲ့ဥစ္စာ လူတိုင်းအလုပ်မှိုမှာတယ် (မှန်ပါ)၊ ဘယ့်နှယ့်ကြောင့်တုံး (လူတိုင်း အလုပ်မှိုမှာတာပါဘုရား) ဘယ်သူမှ မလွတ်နိုင်ဘူး၊ မှာဘူးလား (မှာပါတယ်ဘုရား)။

အဲတော့ ကိုစံလှတို့ ကျုပ်တို့က သူတောင်မှ ပါးစပ်က တဖွဖွပြောပြီး အကြိမ်ပေါင်း (၁၇၉၂) ကြိမ်တောင် တဖွဖွပြော နေတဲ့ ကိုယ်တော်ကြီးက အကျိုးစီးပွားမည်မျှလောက် အလို ရှိတယ်ဆိုတဲ့ ဥစ္စာဖြင့် ပြောနေဖို့ မလိုတဲ့အတွက် ဒို့ဖြင့် ပြင်ထားတာအေးပါတယ် လုပ်ကြပါ (မှန်ပါ)၊ ဘယ်လို ဆုံးဖြတ်ချက်ချမတုံး (ပြင်ထားတာအေးပါတယ်ဘုရား)၊ ပြင်ထားတာအေးပါတယ်လို့ ဒကာ ဒကာမတွေ ဆုံးဖြတ်ချက် တရားတစ်ပွဲလုံးချပါ (မှန်ပါ)။

## ပြင်ထားတာ အေးပါတယ်

မောင်နိုင် ဘာမှ အေးမတုံး (ပြင်ထား မှအေးမှာပါ ဘုရား)၊ ပြင်ထားမယ်ဆိုတော့ ဘာလုပ်ထားကြမယ် (ဝိပဿနာ ရှုထားရမယ်ဘုရား)၊ ဝိပဿနာရှုထား၊ ခန္ဓာကိုယ်ရှုထား၊ ရိပ်မိကြ ပလား (ရိပ်မိပါပြီးဘုရား)။

ဝိပဿနာရှုထားပါလို့ဆိုတာ ဘုန်းကြီးက တိုက်တွန်း တာလား၊ ဘုရားက အကြိမ်ပေါင်း (၁၇၉၂) ကြိမ် တိုက်တွန်းတာ လား (ဘုရားက တိုက်တွန်းတာပါဘုရား)၊ (၁၇၉၂) ကြိမ် တိုက်တွန်းတာပါ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## မြန်မြန်လုပ်ပါလို့ဆုံးမခဲ့တယ်နော်

အဲတော့ ဦးမူတို့ မြန်မြန်လုပ် (မှန်ပါ)၊ မြန်မြန်လုပ်ပါ၊ ဝိပဿနာကိုလည်း ဒကာ ဒကာမတွေ ဆုံးမခဲ့တယ်နော် ကိုစောမောင် (မှန်ပါ)၊ ဒကာ ဒကာမတွေ သာသနာတွင်းမှ ပေါ်တယ်လို့ ပြောခဲ့တယ် (မှန်ပါ)၊ နက်ဖန်သေတဲ့လူမှာ ဝိပဿနာ မလုပ်မိလို့ရှိရင် နက်ဖန်ကွယ်ပြီ သာသနာ (မှန်ပါ)၊ မကွယ်ဘူးလား (ကွယ်ပါတယ်ဘုရား)။

တစ်ခါ မသေပဲနဲ့ နေပြန်လည်းမလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ (ကွယ်ပါတယ်ဘုရား)၊ ကွယ်နေပြန်တယ်တဲ့ သာသနာပ

အလုပ်ဆိုတော့ ဒါန၊ သီလ၊ သမထ အလုပ်တွေနဲ့ အချိန်ကုန်နေလို့ရှိရင် ကိုစောမောင်ကွယ်တယ်လို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါ တယ်ဘုရား)။

## သာသနာတွင်းဉာဏ်တွေရောက်ကြပါစေ

ဒါဖြင့် ခင်ဗျားတို့က မေ့းတာ သာသနာတွင်း၊ ဝမ်းထဲရောက်တာလည်း သာသနာတွင်း ဉာဏ်တွေရောက်ကြပါစေ ဆိုပြီးသကာလ ဟောနေတာ (မှန်ပါ)၊ ရှင်းပြီနော် (ရှင်းပါပြီ )၊ မေ့းတာကတော့ (သာသနာတွင်းပါဘုရား)၊ သာသနာတွင်းပါပဲတဲ့ အလုပ်ကသာသနာပအလုပ်ကို လုပ်နေကြလို့ရှိရင် မတော်သေးတော့၊ သာသနာတွင်း အလုပ်ကြပ်ကြပ်လုပ်စမ်းပါ (မှန်ပါ) ဟိုအလုပ်မလုပ်ရဘူးလို့မဆိုပါဘူး (မှန်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒီသေခါနီးဇော အခါကာလမှာ မျက်ရည်ကြီး ငယ်မကျရအောင် ဘာလုပ်ထားကြမတုံး (ဝိပဿနာလုပ်ထားမှာ ပါဘုရား) ဝိပဿနာကို အာစိဏ္ဏကံဖြစ်အောင် လုပ်ထားပါ (မှန်ပါ)၊ ဝိပဿနာကို မပျက်မကွက်နှလုံးသွင်းပါလို့ဆိုတာ သတိ ပေးတယ် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝိပဿနာဉာဏ်အဆုံးမှာ မဂ်ဉာဏ်

ကဲ ဒါဖြင့် ဝိပဿနာလုပ်ထားပြီ၊ ဝိပဿနာလုပ်ထားလို့ ဝိပဿနာမှာ ခရီးပေါက်သွားတယ် ဆိုကြပါစို့ မောင်နိုင်ရေ၊ ဝိပဿနာခရီးပေါက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဝိပဿနာဉာဏ် အဆုံးမှာ မဂ်ဉာဏ်မလာဘူးလား (လာပါတယ်ဘုရား)။

အင်း . . . တစ်မဂ်လောက်တော့ရတယ်၊ ဝိပဿနာ ဉာဏ်အဆုံးမှာ ခန္ဓာဆုံးတာမြင်ပြီးသကာလ၊ ခန္ဓာဘယ်တော့မှ မလာဘူး၊ ဒုက္ခချုပ်တာ ဒါပဲ ဒါပဲလို့ ဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ ကိုစောမောင် သောတာပန်တည်တာပဲ (မှန်ပါ)၊ သောတာပတ္တိ မဂ်ရပြီး သောတာပန်တည်သွားတာပဲ (မှန်ပါ)၊ ဦးဘလေးရိပ်မိ ပလား (ရိပ်မိပါပြီဘုရား)။

အဲဒီလို ပုဂ္ဂိုလ်များကျတော့ သူသေပုံလေးရှင်းပြမယ် နော် . . . သူသေပုံလေးကို ဘုရားက သူမဟာနာမ်မင်းကြီး ပောပုံကို ရှင်းပြမယ် ဒကာ ဒကာမတို့ ပြန်စပ်သွားအောင်နော် (မှန်ပါ)၊ ကြပ်ကြပ်သတိထား နားထောင်ကြပါ ဒကာ ဒကာမတို့ ပြီးတော့မှ အလုပ်တရား စတာပေါ့တဲ့။

## မဟာနာမ်မင်းကြီး

မဟာနာမ်မင်းကြီးက မောင်နိုင် သူ့ဟာသူ သောတာပန်တည်တော့တည်တယ်၊ သူ့ဟာသူမသိပဲဖြစ်နေတာ (မှန်ပါ)၊ အလုပ်လုပ်ထားလို့ ခရီးတော့ပေါက်နေပြီ၊ သူက မသိပဲဖြစ်နေ တာ ရိပ်မိပလား (ရိပ်မိပါပြီ)၊ သူက မရှင်းမလင်းပဲ ဖြစ်နေတယ်ဆို ကြပါစို့ ကိုစောမောင် (မှန်ပါ)။

ဒါနဲ့ တစ်နေ့သ၌ကျတော့ သူက ကျောင်းတော်တော့ နေ့တိုင်းသွားတယ်၊ ဘုရားလည်းကြည်ညို၊ တရားလည်းကြည်ညို၊ သံဃာတွေလည်းကြည်ညို၊ တရားလည်း အားထုတ်၊ ကျောင်းတော်ကပြန်လာ၊ ပြန်တော့ သူနေတဲ့ ကပိလဝတ်ပြည်ထဲ ရောက်လာတယ်၊ ရောက်တဲ့အခါကျတော့ သူက ကျောင်းတော်ကပြန်တော့ ဆင်ရိုင်းတွေ၊ မြင်းရိုင်းတွေကလည်း မြို့ထဲလွတ်လာတော့ သူရှောင်ရ၊ တိမ်းရရှိတာပေါ့လေ၊ နေရာထိုင်ခင်းတွေ၊ လူတွေမြို့ကလည်း စည်လွန်းလို့ မောင်နိုင် ရှောင်ရတိမ်းရတာ သိပ်များတယ် (မှန်ပါ)၊ သူ့အသက်အန္တရာယ် ကြောင့်ပေါ့လေ (မှန်ပါ)။

အဲတော့ သူ့စိတ်ထဲ ဖျတ်ခနဲဝင်ပြီ၊ ဪ ကျောင်းတော်မှာတော့ ဘုရား၊ တရား၊ သံဃာ၊ ဘယ်တော့မှ မမေ့ဘူး၊ အလုပ်တရားတွေလည်း၊ မမေ့ဘူး၊ အခုမြို့ထဲလာတဲ့ဥစ္စာ ကျောင်းက

ပြန်လာပြီးသကာလ၊ မြို့ထဲမှာဆိုတော့ ဟိုရှောင်ရ ဒီတိမ်းရနဲ့ ဆိုတော့ သတိဟာလွတ်မနေဘူးလား၊ ဖြစ်ပျက်တွေ ဉာဏ် လွတ်နေတာ၊ ရိပ်မိကြပလား၊ ဖြစ်ပျက်တွေကို (ဉာဏ်လွတ် နေတာပါဘုရား) ဉာဏ်နဲ့မရှုနိုင်ဘူးတဲ့ လွတ်နေတာ၊ လွတ်မှာပဲ ကိုစောမောင်ရ (မှန်ပါ)။

ဦးခိုင် မလွတ်ပေဘူးလား (လွတ်မှာပါဘုရား)၊ ရှောင် ရတာ၊ တိမ်းရတာကို၊ လူတွေရှောင်ရ၊ မူးတဲ့လူရှောင်ရ၊ ကိုပေါ်ရေ (မှန်ပါ) အဲတော့ သတိက တပည့်တော် လွတ်လွတ် သွားတယ် . . တဲ့ အဲဒီတော့ ဒီလိုအချိန်များမှာ ဥပမာ ဆင်နင်း လို့သေသေ၊ မြင်းနဲ့တိုက်မိလို့သေသေ၊ ဒီအချိန်သာ သေသွားရင် တော့ ငါတော့ ခက်တော့မှာပဲလို့ သူ့စိတ်ထဲအောက်မေ့လာ တယ်၊ မဟာနာမ် မင်းကြီးနော် (မှန်ပါ)။

## ဘုရားထံလျှောက်တယ်

မြို့ထဲမှာ သေသွားလို့ရှိရင်ဖြင့် အာရုံတွေက ကြမ်းတာနဲ့ သူ့စိတ်ထဲ ဝိပဿနာအလုပ်ကိုလည်း သတိလွတ်လွတ်နေတာနဲ့၊ ဒီအချိန်များ သေသွားရင်တော့ အခက်ကြီးပဲလို့. သူ့ဟာသူ ဆုံးဖြတ်ချက်ချတယ်၊ နောက်တစ်နေ့ သူအိမ်ပြန်ပြီးအိပ်တယ်၊ ဒီဟာကိုတွေးပြီး အိမ်ပြန်အိပ်တယ်၊ မနက်ကျတော့ ကိုစောမောင်

ကျောင်းကို သွားပြန်တယ် (မှန်ပါ)၊ ကိုမြင့်ကျောင်းကို ပြန်သွားတယ်နော် (မှန်ပါ)၊ နေ့တိုင်းသွားတာကိုသူက၊ နေ့တိုင်းသွားတော့ မောင်နိုင် သူဘုရားနားမှာ အခွင့်ကြုံတာနဲ့ သူလျှောက်တယ်၊ အရှင်ဘုရားတဲ့ --တပည့်တော်သည်ကားလို့ဆိုရင်၊ ကျောင်းမှာ နေရင် ဘုရား၊ တရား၊ သံဃာ မမေ့ဘူး၊ တရားဆိုတဲ့ ကိုယ့်အလုပ် ကိုယ်လည်းမမေ့ပါဘူး--တဲ့၊ တပည့်တော်လုပ်နေပါတယ်တဲ့။

## အပါယ်များသွားဦးမှာလား

သို့သော်လည်း ကျောင်းတော်ကပြန်တဲ့အခါကျတော့ ဆင်ရိုင်း၊ မြင်းရိုင်း၊ တီးသံ၊ မှုတ်သံတွေ၊ ပြေးကြ၊ လွှားကြတာတွေ၊ ကစားနေကြတာတွေ၊ ဒါတွေ တပည့်တော် ရှောင်တိမ်းပြီးတော့ နေတဲ့အခါကျတော့ ခုနင်က တရားတွေ လွတ်နေတယ်၊ ဖြစ်ပျက်တရားတွေပေ့ါဗျာ (မှန်ပါ)၊ လွတ်နေတယ် ဘုရားတဲ့၊ အဲဒီအချိန်များ တပည့်တော်တစ်ခုခုနဲ့ တိုက်မိခိုက်မိလို့၊ သေသွားရရင် တပည့်တော် အပါယ်များသွားဦးမှာလား ကိုစံလှမေးတာ (မှန်ပါ)၊ ရှင်းပြီးနော် (ရှင်းပါပြီဘုရား)။

အပါယ်များသွားဦးမှာလားလို့ မဟာဝဂ္ဂသံယုတ်မှာ မေးတယ်၊ ဒီနိမိတ်တွေများမဟုတ်တာတွေ ထင်လာဦးမှာလား၊

ဦးခန့် ဒီလိုမေးတာပဲ (မှန်ပါ)။

အဲတော့ ခုနင်က ပြောခဲ့ပြီ၊ သူသောတာပန်တည်ပြီးသား ဒုက္ခချုပ်တဲ့ ဆီမြင်ပြီးသား၊ သို့သော် သူ့ဟာသူ၊ ဘုရားကလည်း သူသောတာပန်တည်တယ်လို့ မပြောဘူးကို၊ သူ့ဟာသူလည်း မရိပ်မိဘူးပေါ့ သဘောပါပလား (ပါပါပြီဘုရား)၊ အဲဒါနဲ့ သူ့စိတ်ထဲ သံသယရှိပြီးတော့ ဒီလိုများရှုပ်တဲ့အထဲမှာ ကယောင်ချောက်ချားနဲ့သေပွဲများဝင်ရလို့ရှိရင် ငါတော့ မကောင်းသော သေခြင်းများ ဖြစ်ဦးမှာလားလို့ သူ့စိတ်ထဲအောက်မေ့တယ်။

ဒါနဲ့ ဘုရားသွားလျှောက်တယ်၊ သူကတော့ ဒုက္ခချုပ်တာမြင်ပြီးသားနော် (မှန်ပါ)၊ ဒုက္ခသစ္စာမြင်တယ်ဆိုတော့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာလည်း ပယ်ပြီးသားနော် (မှန်ပါ)၊ ကိုစံလှတို့ရိပ်မိပြီနော် (ရိပ်မိပါပြီ)။

## အရိုးအသားကတော့မြေထဲရောက်

အဲဒီတင်မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မေးခွန်းမေးတော့ မဖွင့်ရင်ဖြစ်ပါ့မလား (မဖြစ်ပါဘူး)၊ မဖွင့်ရင်မဖြစ်ပါဘူး ဒကာကြီးလှိုင်ရေ (မှန်ပါ)၊ မဖွင့်ရင်မဖြစ်တော့ဘူးတဲ့၊ ဒါနဲ့ ဒကာကြီး၊ မဟာနာမ်မင်းကြီး၊ ဒီလိုပါတဲ့ မြို့ထဲရွာထဲသွားတဲ့အခါ အာရုံတွေကများပြီး သတိကလွတ်နေတယ်ဆိုတာ လွတ်မှာပဲ

တဲ့၊ အသက်အန္တရာယ်ကြောင့် ရှောင်ရတိမ်းရ ဟိုဟာတွေကြည့်၊ ဒီဟာတွေကြည့်၊ ရှောင်ရတိမ်းရတော့ လွတ်မယ်၊ သို့သော် သင်ဟာ သေလို့ရှိရင်ဖြင့် မကောင်းသော သေခြင်းတော့ မသေတော့ပါဘူး၊ သင့်အရိုးတွေ အသားတွေကသာ မြေထဲရောက်မှာ၊ ကျီး၊ လင်းတတို့၏ အစာကိုလည်းဖြစ်မယ်. . . သင့်စိတ်ကတော့ အထက်သာဆန်တော့မယ် ရိပ်မိပလား (ရိပ်မိပါပြီးဘုရား)။

## သူ့စိတ်ကတော့သုဂတိနဲ့နိဗ္ဗာန်

သူ့စိတ်ကတော့ သုဂတိနဲ့ နိဗ္ဗာန်ပဲသွားတော့မယ် ပေါ်ကြပလား (ပေါ်ပါပြီ)၊ ဒါ ဒုက္ခချုပ်တာ မြင်ထားလို့ပြောတာ ရှင်းကြပလား ဒကာ ဒကာမတို့ (ရှင်းပါပြီဘုရား)။ ဘာမြင်ထားလို့တုံး (ဒုက္ခချုပ်တာမြင်ထားလို့ပါဘုရား)၊ အဲ ဒုက္ခချုပ်တော့ ကောင်းကောင်း ပိုင်ပိုင်နိုင်နိုင် မြင်ထားတဲ့အတွက် ကိုစောမောင် (မှန်ပါ)။

## ဆီတို့ထောပတ်တို့ကရေပေါ်ပြန်တက်တယ်

ကဲ ဒကာကြီးတဲ့၊ ကျုပ် ဥပမာတစ်ခုပြောလိုက်ဦးမယ်တဲ့ ရှင်းသထက်ရှင်းအောင်၊ အင်မတန် နက်တဲ့ မြစ်ကြီးထဲမှာ လှေပေါ်မှာ ထောပတ်အိုးတွေ၊ ဆီအိုးတွေ ထောပတ်အပြည့်နဲ့

တင်သွားတယ်၊ လှေမှောက်လို့ တနည်းအားဖြင့် ပျက်စီးတယ်၊ လှေပေါ်မှာ ဟိုဟာ၊ ဒီဟာတွေနဲ့ ရိုက်ပြီး၊ လှိုင်းတွေ၊ လေတွေ ခတ်ပြီး အိုးချင်းတိုက်ပြီးပျက်စီးတယ် ဆိုပါတော့၊ လှေပါမှောက် သွားတယ်လို့ဆိုပါတော့၊ လှေပါမှောက်သွားလည်း အိုးခြမ်းပဲ့ တွေကသာ မောင်နိုင် မြုပ်မှာပဲ (မှန်ပါ)၊ ဆီတို့ ထောပတ်တို့က ရေပေါ် ပြန်တက်လာမှာပဲ (မှန်ပါ)၊ သဘောပါကြပလား (ပါပါတယ်ဘုရား)

## သိပ်အားရှိစရာကောင်းတယ်

အိုးခြမ်းပဲ့တွေကသာ (မြုပ်ပါတယ်ဘုရား)၊ ဆီတို့ ထောပတ်တို့က (ပေါ်ပါတယ်ဘုရား)၊ ရေပေါ်ပြန်တက်မှာပဲ ဆိုတော့ ဒကာ ဒကာမတို့ မြုပ်လမ်းမျောလမ်းမဟုတ်တော့ဘူး ပြောတာ (မှန်ပါ)၊ သူ "ဈာယထ" လုပ်ထားလို့ဆိုရင် (မှန်ပါ)၊ ကိုမြင့် သိပ်အားရှိစရာကောင်းပါလား (ကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတို့ မြုပ်လမ်းမျောလမ်းရှိသေးရဲ့လား (မရှိပါဘူးဘုရား)၊ အဲတော့ ကိုစောမောင် မြုပ်လမ်းမျောလမ်း မဟုတ်ဘူး၊ ထောပတ်အိုး၊ ဆီးအိုးကွဲသလိုဖြစ်ပါလိမ့်မယ် (မှန်ပါ)၊ အသား အရိုးသာမြေထဲကျမယ်ကွ၊ မင်းဉာဏ်တို့က နိဗ္ဗာန်သွားမယ်ကွ၊ အထက်ဆန်လိမ့်မယ်ကွ (မှန်ပါ)၊ ဒါပေါ့နေတာ

(မှန်ပါ)၊ ရိပ်မိပလား အဲဒါ ဘယ့်နှယ့်ကြောင့်တုံးလို့ မေးတဲ့အခါ ကျတော့မှ သူဒုက္ခချုပ်တဲ့နေရာ မြင်ပြီးသား (မှန်ပါ)၊ ကိုစံလှ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ထိုင်ပြီးခန္ဓာကြည့်ရုံပါပဲ

ဒါဖြင့် ကျုပ်တို့လည်း ဘုန်းကြီးလည်းဆုံးမနေတယ် ခင်ဗျားတို့ကိုလည်း နေ့တိုင်းလိုလို တိုက်တွန်းပြီးသကာလ နေတော့၊ ပိုက်ဆံလည်းမကုန်ပါဘူး ဒကာကြီးလှိုင်ရာ၊ ထိုင်ပြီး ခန္ဓာကြည့်ရုံပါပဲ၊ ဘယ်လိုပါလိမ့် (ထိုင်ပြီးခန္ဓာကြည့်ရုံပါပဲဘုရား) ထိုင်ပြီးခန္ဓာသာကြည့်နေ၊ ယားလည်းဖြစ်ပျက်ရှု၊ နာလည်း ဖြစ်ပျက်ရှုလိုက်၊ ဩော် ဒါအနိစ္စလေးတွေပါလား၊ ဟုတ်လား (မှန်ပါ)။

အင်း ထချင်တာလာပြန်လည်း ထချင်တဲ့စိတ်ကလေး၊ ခုမှပေါ်ပြီး ခုမှပျက်သွားတယ်၊ ထိုင်ချင်တဲ့စိတ်ကလေးလာလည်း ဒီစိတ်ကလေးဟာလည်း ဖြစ်ပျက်ပဲ၊ စားချင်တဲ့စိတ်ကလေး လာလည်း စားမှုမစားရသေးပဲ စားချင်တာရှိသေးတာ၊ စားချင်ပြီး ဖြစ်ပြီးပျက်သွားတာပဲလို့ သူရှိတဲ့နေရာ အနိစ္စလေး ရှုရှုပေး လိုက်ပါ (မှန်ပါ)၊ ကိုစံလှ ရှုပေးလိုက် (မှန်ပါ)၊ ဝန်လေးစရာလား (မလေးပါဘူးဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်သွားတယ်

မလေးပါဘူးတဲ့၊ အဲဒီကဲ့သို့ရှုပါများလာတဲ့အခါကျတော့ ကျုပ်တို့ ဒကာ ဒကာမတွေဟာ အနိစ္စနဲ့ရှုတဲ့ဉာဏ်နဲ့ဟာ ကိုက်ကိုက်သွားတော့တယ် (မှန်ပါ)။ ဘာဖြစ်လို့တုံး ဆိုင်းနဲ့စည်းဝါးကိုက်သလိုပေါ့ မောင်နိုင် ကြာတော့ သူဟာ ချက်ကျလာတယ် (မှန်ပါ)။ ဒီမှာလည်း ဖြစ်ပျက်နဲ့မဂ်နဲ့ဟာ ကိုက်ကိုက်သွားတယ်။ မကိုက်ပေဘူးလား (ကိုက်ပါတယ်ဘုရား)။

အဲ ဖြစ်ပျက်နဲ့မဂ်နဲ့ဟာ ကိုက်၊ ကိုက်ပြီးသကာလ သွားကြလို့ရှိရင်လည်း ကိလေသာမှာ ကြားမခိုဘူး၊ ဒါက ဥပမာမယ် ခန္ဓာကိုယ်ထဲဖြစ်ပျက်ဆိုရင် ဒါကရှုတဲ့မဂ်သွားဖြစ်လို့ရှိရင် ဒီကြားထဲ ဘာဝင်နိုင်သေးတုံး (ဘာမှ မဝင်တော့ပါဘူးဘုရား)။

ကြားမဝင်လို့ရှိရင်ဖြင့် တစ်ခဏနဲ့ပဲ သောတာပန်တည်မှာကို (မှန်ပါ)၊ တစ်ခဏနဲ့ ဒီမဂ်ဟာ သောတာပတ္တိမဂ်မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဖြစ်တော့ကို ဒီပုဂ္ဂိုလ်သေလို့ရှိရင် ကွာတဲ့ ဘုရားက ထောပတ်အိုး၊ ဆီအိုး ကွဲသလိုပဲ အိုးချမ်းပဲ့သာ ရေမြုပ်တော့မှာပေါ့၊ ထောပတ်နဲ့ ဆီတွေကတော့ အပေါ်တက်မှာပဲ (မှန်ပါ)။

## ကြောက်နေရုံနဲ့မပြီးဘူး

ဒီမှာလည်း အသားအရိုးတွေကတော့ မြေထဲ ရေထဲ မြုပ်မှာပဲတဲ့။ ဉာဏ်က နိဗ္ဗာန်ပဲ (မှန်ပါ)၊ ဉာဏ်ကအပေါ် တက်လာတယ် (မှန်ပါ)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သြော်. . . တပည့်တော်တို့ အပယ်လေး ပါး မြုပ်ရမှာတော့ ကြောက်တယ်ဘုရား၊ သံသရာ ထဲ မျောရမှာလည်း ကြောက်လိုက်တာ၊ ဒီလိုဖြစ်နေလို့ရှိရင်ဖြင့်၊ ကြောက်နေရုံနဲ့တော့ မပြီးဘူး၊ မောင်နိုင်ကြောက်နေရုံနဲ့တော့ (မပြီးပါဘူး)၊ ကြောက်နေရုံနဲ့သံဝေဂတော့ ရမယ်၊ လုပ်လိုက်လို့ ရှိရင် ကြောက်တာလွတ်သွားမယ် (မှန်ပါ)။

ဒကာကြီးလှိုင် လုပ်လိုက်ရင်တော့ (ကြောက်တာလွတ် သွားမှာပါဘုရား)၊ အခု မရလည်း ဒုတိယဘဝ သောတာပန် တည်မယ်ဆိုတော့ ဒကာကြီးလှိုင် ဘာကြောက်စရာရှိသေးတုံး (မရှိပါဘူးဘုရား)၊ သေတော့လည်း နတ်ပြည်နိမိတ်ပဲထင်မပ်ဆို တော့ မောင်နိုင် ဘာကြောက်စရာရှိတုံး (မရှိပါဘူးဘုရား)၊ ဆီတွေက အပေါ်တက်လာတာ၊ နတ်နိမိတ်ဆိုတာ အပေါ်တက် လာတာ (မှန်ပါ)၊ ငရဲနိမိတ်ဆိုတာ အောက်ဆင်းသွားတာ၊ ပေါ် ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အသေဆိုးလည်း ပြပြီ၊ အသေ

ကောင်းလည်း ပြတဲ့နေ့ပဲဆိုရင်တော့ လွဲလား (မလွဲပါဘူး ဘုရား)။ အသေဆိုးကော (ပြပါတယ်ဘုရား)၊ ပြပြီးပြီ ခုနင်က ဇော (၅)ကြိမ်နဲ့ပြတာ အသေဆိုးပြတာ (မှန်ပါ)၊ အသေကောင်း ပြလိုက်တာက အခု မဟာနာမ်မင်းကြီးပြလိုက်တာ (မှန်ပါ)။

## သစ္စာဟောတတ်တဲ့ဆရာနဲ့ ကြုံနေတာ

အဲဒီတော့ကို ခင်ဗျားတို့ဟာ မဂ်ရထိုက်တဲ့ပုဂ္ဂိုလ်လား၊ မရထိုက်တဲ့ပုဂ္ဂိုလ်လား ဘုန်းကြီးက သံသယမရှိပါဘူးတဲ့ (မှန်ပါ)၊ လုပ်ကြည့်ပါ မောင်နိုင် (မှန်ပါ)၊ လုပ်ကြည့်ရင် (သိပါတယ်ဘုရား)၊ သိတာပဲတဲ့၊ သာသနာတွင်းသားတွေဖြစ်ပြီး ဘုရားနဲ့ကြုံ၊ တရားနဲ့ ကြုံ၊ သံဃာနဲ့ကြုံ၊ ဒီလို သစ္စာတွေဟောတဲ့ဆရာသမားနဲ့ ကြုံဆို ကိုစောမောင်၊ သစ္စာဟာ သာသနာတွင်းထောင်နိုင်တဲ့ နားရှိလို့ ရှိရင် တိဟိတ်တွေ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မသေခင်က ဝိပဿနာရှု

ထောင်နိုင်တဲ့နားရှိရင် (တိဟိတ်ပါဘုရား)၊ အဲဒီလိုဖြစ်ပြီး သကာလနေတော့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဩော် ဒသခါနီးမှ ကယ်ပါယူပါ လုပ်လို့လည်း မရဘူး (မှန်ပါ)၊ မသေခင် က "ဈာယထ" ဆိုတဲ့ ဝိပဿနာရှုမှပဲ (မှန်ပါ)၊ ယနေ့ ဒါ ဆုံးဖြတ်

ချက်ချရမှာပဲ၊ မချရပေဘူးလား (ချရပါတယ်ဘုရား)၊ ဒါဖြင့် ဝိပဿနာ မရှုတဲ့ပုဂ္ဂိုလ်ကျတော့ ကို. . . တဲ့ ဒကာ ဒကာမတို့ အကုန်အမြုပ်ချည်းပဲသွားမယ်. . . (မှန်ပါ)၊ ကိုစောမောင် အမြုပ်နဲ့ အမျောချည်းပဲ (မှန်ပါ)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ အသားအရိုးသာ မြုပ်တဲ့ဘက်သွားတယ်နော် (မှန်ပါ)၊ ဉာဏ်နဲ့ စိတ်တွေက အထက်တက်သွားတယ် (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ထိုက်၊ မလုပ်ထိုက် (လုပ်ထိုက်ပါတယ်ဘုရား)။ ဒီလိုသိထားမှ လုပ်ချင်တဲ့စိတ်လည်းပေါ်တယ် (မှန်ပါ)၊ ဘာမှမသိလို့ရှိရင်လည်း လုပ်ဖြစ်ပါ့မလား (မလုပ်ဖြစ်ပါဘူး)၊ အဲတော့ကို အခု ပေ့ါသလောက် တော်ကြာကျတော့ ကိုယ့်သားနဲ့သမီးနဲ့ ပျော်စရာ၊ ပါးစရာ မော်တော်ကားနဲ့ အမျိုးမျိုးပျော်နေမယ်ဆိုလို့ရှိရင် ဟိုအချိန်မှာ မျက်ရည်ကြီးငယ်ကျမယ် (မှန်ပါ)၊ သားက အနားထိုင်ပြီး မကယ်နိုင်၊ ခင်ပွန်းမက အနားနေပြီးကော (မကယ်နိုင်ပါဘုရား)၊ ဘယ်သူ ကယ်နိုင်သေးတုံး (ဘယ်သူမှမကယ်နိုင်ပါဘုရား)။

## ဘယ်သူမှ မကယ်နိုင်တဲ့အလုပ်

ဘယ်သူမှ မကယ်နိုင်တဲ့အလုပ်ကို ငါသည် ပျော်ပါးနေ

လို့ရှိရင် ဘယ်သူမှ မကယ်နိုင်တဲ့အလုပ် ငါလုပ်နေတာကိုလို့၊ ကိုယ့်ကိုယ်ကိုစွပ်စွဲပါ (မှန်ပါ)၊ ဦးဘလေး စွပ်စွဲထိုက် မစွဲထိုက် (စွဲထိုက်ပါတယ်ဘုရား)။

အဲတော့ မသိတုန်းက အခုလို ဆရာသမားကောင်း မတွေ့တုန်းက မသိမလိမ်မာလို့ဖြစ်ခဲ့တာ၊ ဘုန်းကြီးတို့က ဘာမှ အရေးမယူပါဘူး (မှန်ပါ)၊ သိတဲ့အချိန် ပြင်လိုက်ရင် ပြီးသွားတာပဲ (မှန်ပါ)၊ ကိုစံလှ ဘယ့်နှယ့်ဆိုမတုံး (သိတဲ့အချိန်ပြင်ရမှာပါ) သိတဲ့ အချိန်ပြင်လိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မပြီးဘူးလား (ပြီးပါ တယ်ဘုရား)

သိတဲ့အချိန်မှာလည်း ခင်ဗျားတို့ ထူးထူးခြားခြားမှတ်ပါ၊ ခင်ဗျားတို့မှာ ပဋ္ဌာနန္တရိယကံ မရှိဘူး၊ ပြင်လို့ရတဲ့ ပုဂ္ဂိုလ်ချည်းမှတ် (မှန်ပါ)၊ ဦးဘလေး ဘယ့်နှယ့်မှတ်မတုံး (ပြင်လို့ရတဲ့ပုဂ္ဂိုလ်ချည်း မှတ်ရမှာပါဘုရား)၊ အင်း. . . ဘာဖြစ်လို့တုံး (ပဋ္ဌာနန္တရိယကံ မရှိလို့ပါဘုရား)၊ အမိသတ်တဲ့ကံရှိရင်တော့ ဘုန်းကြီး ဘယ်လို ပြင်ပြင်မရဘူး (မှန်ပါ)၊ ဘယ်လိုနည်းပေးပေး မရဘူး၊ အဖသတ် တဲ့ ကံရှိရင် (မရပါဘူးဘုရား)၊ သံဃာအသင်းခွဲတဲ့ကံရှိရင် (မရပါ ဘူး)၊ အင်း. . . ဘုရားသွေးစိမ်းတည်အောင်လုပ်ရင် (မရပါဘူး ဘုရား)၊ သဘောကျပလား (ကျပါတယ်ဘုရား)။

## ပြင်ပေးမည့်လူရှိရင် ချက်ချင်းရတယ်

ပိတုဃာတက မာတုဃာတက (၅)ခုပေါ့လေ၊ ဒါ သိပြီး သားတွေ ထားလိုက်ပါတော့၊ အဲဒါရှိရင်တော့ မရနိုင်ဘူး၊ **နိယတ** မိစ္ဆာဒိဋ္ဌိကျတော့ ဘုန်းကြီးက ယခုပြင်ပေးလိုက်ရင်၊ ဒီလိုရှုပေ့ ဆိုလို့ရှိရင် 'ဟောဒါ အနိစ္စပဲလို့ဆိုရင်၊ **နိယတ** မိစ္ဆာဒိဋ္ဌိက ပယ်ပြီးသား ဖြစ်သွားတယ် ရိပ်မိပလား. . . (ရိပ်မိ ပါပြီဘုရား) ဒါကြောင့် **နိယတ** မိစ္ဆာဒိဋ္ဌိက ကြောက်စရာရှိရဲ့လား (မရှိပါဘူးဘုရား)၊ ပြင်ပေးမည့်လူရှိရင် ချက်ချင်းရတယ် (မှန်ပါ)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ပြင်ချိန်ရှိသေးတဲ့အထဲ ဒို့အပါအဝင်

ပြင်ပေးမယ့်လူရှိရင် ချက်ချင်းရမယ်ဆိုသဖြင့်တဲ့ ဒကာ၊ ဒကာမတို့ အခု သေသေချာချာစဉ်းစားတော့၊ ဩော်. . . ငါတို့ဟာ ပြင်ချိန်ရှိသေးတဲ့အထဲ ဒို့အပါအဝင်ပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ)၊ ပြင်ချိန်ရှိသေးတဲ့အထဲမှာ (ဒို့အပါအဝင်ပါဘုရား)၊ ဒို့ အပါအဝင်ပဲလို့ဆိုတဲ့ဥစ္စာ သေချာပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ပထမ ဒါ နှစ်ခုစပ်ဟောနေတယ်။ ကိုစောမောင် (မှန်ပါ)၊ မစပ်ဘူးလား (စပ်ပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကိုကြည့်လို့ရှိရင်

အသေဆိုးနဲ့ အသေကောင်း ပြောနေတယ် (မှန်ပါ)၊ အသေဆိုးနဲ့ အသေကောင်းပြောပြနေတော့ ခန္ဓာကိုကြည့်လိုက်လို့ရှိရင်ဖြင့် ဒီနေရာယားတယ်၊ လက်မောင်းလေးမှာ ယားတယ်၊ ယားတာမရှိဘူးသိရင်တော်ပြီ၊ နာရင်ကော (နာတာမရှိရင်တော်ပါပြီဘုရား)၊ နာတာကိုသိပြီးတော့ နာတာသိကတည်းက အဖြစ်ကိုမြင်တယ်၊ နာတာမရှိတာသိကတည်းက အပျက်ကို မြင်နေတယ်၊ မမြင်ပေဘူးလား (မြင်ပါတယ်ဘုရား)။

နာတာက ဖြစ်တာ၊ နာတာ ပျောက်သွားတာကပျက်တာ၊ သဘောကျပလား (ကျပါတယ်ဘုရား)၊ ယားတာက ဖြစ်တာ၊ ယားတာလေး ပျောက်သွားတာက (ပျက်တာပါဘုရား)၊ အဲတော့ ဒါ ဝေဒနာက္ခန္ဓာတွေ ပျက်နေတာ၊ ဒကာ ဒကာမတို့ ဘာတွေပျက်နေတာတုံး (ဝေဒနာက္ခန္ဓာတွေ ပျက်နေတာပါဘုရား)။

## မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်သွားလိမ့်မယ်

အဲဒီ အပျက်ကလေးတွေကို ခင်ဗျားတို့က မြင်လိုက်တော့ အပျက်မြင်တဲ့မဂ်၊ ဘယ်မှာတုံး တဏှာလာသေးရဲ့လား (မလာပါဘုရား)၊ ဒကာကြီးလှိုင် လာနိုင်သေးရဲ့လား (မလာနိုင်

ပါဘူးဘုရား)၊ မလာနိုင်တော့ကို ဒီ ဒကာ ဒကာမတွေမှာတဲ့ ခဏလေးနဲ့ပဲ မဂ္ဂင် (၅)ပါးက မဂ္ဂင် (၈)ပါးဖြစ်သွားပါလိမ့်မယ် ဆိုတာ သဘောကျပလား (ကျပါတယ်ဘုရား)။

မဂ္ဂင် (၅)ပါးက မဂ္ဂင် (၈)ပါးဖြစ်သွားလိမ့်မယ်ဆိုတာ ဒကာကြီး လှိုင် သေချာပလား (သေချာပါတယ်ဘုရား)၊ မဂ္ဂင် (၈)ပါး ဖြစ်သွားတော့ ဒကာ ဒကာမတွေ ယားတာတွေ၊ နာတာ တွေ၊ ကိုက်ခဲတာတွေ၊ ဒါတွေသာ ဉာဏ်နဲ့သာ ချြော်. . . အနိစ္စ၊ ဖြစ်ပြီးပျက်တာပဲ၊ ဖြစ်ပြီးပျက်တာပဲ၊ ဖြစ်ပြီး ပျက်တာပဲ လို့ ဒီဉာဏ်လေးနဲ့သာရှုနေ၊ ကိုစောမောင် မရှုထိုက်ဘူးလား (ရှု ထိုက်ပါတယ်ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ခင်ဗျားတို့စဉ်းစားကြည့်ပါတဲ့။ ဝေဒနာပစ္စယာ တဏှာတို့ ဥပါဒါန်တို့ဆိုတဲ့ ခန္ဓာထဲမှာ ဒီစိတ်စဉ် သုံးခု တန်းသေးရဲ့လား (မတန်းတော့ပါဘူး)၊ ကိုစောမောင် ဘယ့် နှယ်ကြောင့် မတန်းပါလိမ့်မတုံး၊ ကြားဝင်လာလို့ (မှန်ပါ)။

အဲတော့ ဒီနေ့ အထူးလေးပြောချင်တာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ သုခဆိုတာ ချမ်းသာတာ၊ ဒုက္ခ ဝေဒနာဆိုတာ ယားတာ နာတာ၊ ဥပေက္ခာဝေဒနာကတော့ အယားလည်း မဟုတ်ဘူး၊ အနာလည်း မဟုတ်ဘူး၊ ချမ်းသာ လည်း မဟုတ်ဘူး၊ သူ စိတ်ကလေးတစ်မျိုးပေါ် တာပဲ၊ မြင်ကာမျှ

မတ္တ၊ ကြားကာမျှ မတ္တဖြစ်တာ (မှန်ပါ)၊ ဒါ ဥပေက္ခာဝေဒနာလို့ဆိုရင် လွဲသလား (မလွဲပါဘူး)။

မလွဲတော့ကိုတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်း. . . ဒါလေးကို ဒို့သည်ကားဆိုရင်ဖြင့် ခန္ဓာကိုယ်ထဲမှာလည်း ဒီ သုံးခုဟာ အမြဲတမ်းမှတ်ထားကြပါ။ တစ်ခုပေါ်လိုက်၊ တစ်မျိုးမျိုးဟာ ရှိနေမှာပဲ (မှန်ပါ)။

## သူကပြတိုင်း မဂ္ဂင်လေးနဲ့ကြည့်ပေးပါ

တစ်မျိုးပြီး တစ်မျိုးဟာ ပေါ်နေတာပဲ (မှန်ပါ)၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ သုခဝေဒနာကလည်း တစ်ခါတစ်လေ ဖြစ်ပျက်နဲ့ပြသွားတာပဲ (မှန်ပါ)၊ ဒုက္ခဝေဒနာကကော (ဖြစ်ပျက်နဲ့ပြသွားတာပါဘုရား)၊ ဥပေက္ခာဝေဒနာကော (ဖြစ်ပျက်နဲ့ပြပါတယ်ဘုရား)၊ အဲ သူက ပြသလောက် ကျုပ်တို့က သတိထားပြီး ပညာလေးနဲ့ မဂ္ဂင်လေးနဲ့ ကိုစောမောင်တို့က ကြည့်ကြည့်ပေးလိုက်တာပေါ့ (မှန်ပါ)၊ မောင်နိူင်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သတိထားကြည့်ရမယ်နော်၊ သတိထားကြည့်မယ်ဆိုရင် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ကြည့်ပေါ့လေ၊ ဘယ်လိုလုပ်ကြမယ်၊ (သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ကြည့်ရမှာပါဘုရား)

သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ကြည့်နေတော့ ဒါလေး တွေဟာ ဉာဏ်ထဲမှာ မြင်နေတာပဲ၊ မမြင်ဘူးလား (မြင်ပါတယ် ဘုရား)၊ ဒီဉာဏ်မြင်တာဟာ အမြင်မှားလား၊ အမြင်မှန်လားဆို ရင် ဘယ့်နှယ့်ဆိုကြမတုံး (အမြင်မှန်ပါဘုရား)။

## ဝေဒနာတွေ့တာလား၊ အနိစ္စတွေ့တာလား

ဘာ့ကြောင့် အမြင်မှန်လို့ဆိုရပါလိမ့်မတုံးဆိုတော့ ဒေနာ တွေ့တာလား၊ အနိစ္စတွေ့တာလား (အနိစ္စတွေ့တာပါဘုရား)၊ ကိုစံလှရေနေရာ ကျပလား (ကျပါတယ်ဘုရား)၊ ဘာတွေ့တုံး (အနိစ္စတွေ့ပါတယ်ဘုရား)။

အနိစ္စတွေ့တော့ ဒါဖြင့် ခန္ဓာထဲမှာ ဘယ်နေရာမှာပဲပေါ် ပေါ် ဘာတွေပေါ်ပါလိမ့်မတုံး (အနိစ္စပဲပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် တစ်ကိုယ်လုံးဟာ အနိစ္စတွေစုနေတာပေါ့။ ဟုတ်ဘူးလား (မှန်ပါဘုရား)၊ အနိစ္စတွေစုပြီးသကာလနေတော့ အနိစ္စကိုမြင်တဲ့ ဉာဏ်ကိုတော့ဖြင့် ဒကာ ဒကာမတွေ ကျုပ်တို့ "ဈာယထ" ဆိုတဲ့ အတိုင်း ခုနင်က အသေဆိုးဆိုးမှာစိုးတဲ့အတွက် ဝိပဿနာရှုနေ တာပဲ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်နေကြပါလိမ့် (အသေဆိုးမသေအောင် လုပ်နေတာပါဘုရား)၊ အသေဆိုးသေရမှာ စိုးတာနဲ့ တစ်ခါ

တည်း ဝိပဿနာလုပ်နေတယ်ဆိုတာကို ရှင်းပလား (ရှင်းပါပြီ ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေတဲ့ ဒါ အခု စောတုန်းမို့ ခင်ဗျားတို့ကလည်း နားထောင်နိုင်တာ (မှန်ပါ)၊ ကျောင်းမလာရင် ဒီနားလည်း မထောင်နိုင်တော့ပါဘူး (မှန်ပါ)၊ ခင်ဗျားတို့က ကျိုးမယ်၊ ပဲ့မယ် ဖျားနာနေကြမယ်၊ ဖြေနည်းကိုပေးမယ့်လူ မရှိတော့ဘူး (မှန်ပါ)။

## သူကပြောတာကို ခေါင်းညိတ်လိုက်

ကိုယ့်ဟာကို ရှုမယ်ဆိုတော့ တည့်ချင်မှလည်း တည့်မှာ (မှန်ပါ)၊ ပေါ်ချင်မှလည်း ပေါ်မယ်၊ ကဲ ဒါဖြင့် ဒကာ ဒကာမတို့ အင်း. . . ချမ်းသာတာလေးလည်း (ဖြစ်ပျက်ရှုပစ်ပါဘုရာ)၊ ဆင်းရဲတဲ့ဝေဒနာလေးပေါ်ရင် (ဖြစ်ပျက် ရှုပစ်ပါ)၊ အလတ်စား ပေါ်ရင် (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ပဲရှု ဘာမှမရှုနဲ့ ဒကာ ဒကာမတို့၊ ဖြစ်ပြီးပျက်တာပဲ၊ ဖြစ်ပြီးပျက်တာပဲ၊ ကိုယ်က ရှုရမှာ လား၊ သူက ပြောတာခေါင်းညိတ်ရမှာလား (သူကပြောတာ ခေါင်း ညိတ်ရမှာပါဘုရား)၊ သူကပြောတာကို ခေါင်းညိတ်လိုက်၊ သူက ဖြစ်ပျက်ဆို ဟုတ်ပါပေတယ်လိုက်ရုံပဲ၊ သူက ဝေဒနာဖြစ်ပျက်ဆို ဟုတ်ပါပေတယ်လိုက်ရုံပဲ၊ မဂ်က ဟုတ်ပါပေတယ်လိုက်ရုံပဲ၊ မဂ်က ဟုတ်ပါပေတယ်လိုက်ရုံပဲ (မှန်ပါ)။

ဒုက္ခဝေဒနာဖြစ်ပျက်ဆိုရင်ကော မဂ်က ဟုတ်ပါပေတယ်လိုက်ရုံပဲ၊ အဲဒီ့ ဟုတ်ပါပေတယ်ဆိုတဲ့ဉစ္စာ အမှန်မြင်တာပဲ (မှန်ပါ)၊ ကိုပေါ် ဘာတဲ့တုံး (အမှန်မြင်တာပါဘုရား)၊ အမှန်မြင်တာဖြစ်ပြီးသကာလ ဒါအမှန်သည် သမ္မာဒိဋ္ဌိ၊ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက မြင်တာ ဒါဖြင့် သူ့ဘယ့်နှယ်ခေါ်မတုံး (သမ္မာဒိဋ္ဌိပါဘုရား)၊ သမ္မာဒိဋ္ဌိ အမှန်မြင်တာ ဘာခေါ်ကြမတုံး (သမ္မာဒိဋ္ဌိပါဘုရား)။

## မသေခင်က မဂ်ရနေပြီ

ကဲ- ဒါဖြင့် သမ္မာဒိဋ္ဌိက သူချည်းဖြစ်ကောင်းတာလား၊ သူလည်း အဖော်လေးခုနှင့်တကွဖြစ်ရတာလား (အဖော်လေးခုနှင့်တကွ ဖြစ်ရတာပါဘုရား)၊ ဒါဖြင့် မဂ္ဂင် (၅)ပါးရတယ်၊ ခင်ဗျားတို့ မသေခင်က မဂ်ရနေပြီ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ မသေခင်က လောကီမဂ်ပုဂ္ဂိုလ်လည်းဖြစ်နေပြီ (မှန်ပါ)။

ဒကာ ဒကာမတို့ မသေခင်က ဘာဖြစ်နေတုံး (လောကီမဂ်ပုဂ္ဂိုလ်ဖြစ်နေပါတယ်ဘုရား)၊ လောကီမဂ်ပုဂ္ဂိုလ်ဖြစ်ပြီးသကာလနေတော့ ကဲ- ဆရာဘုန်းကြီးက ခင်ဗျားတို့က ထောင်နိုင်တဲ့နားရှိတယ်၊ ကိုယ့်အရေးကိုလည်း ကိုယ်သိလာတဲ့အခါကျတော့၊ ဟာ. . . ဒီဟာလေးတော့ ပြီးအောင်လုပ်ထား

လိုက်မယ် ဆိုပြီး၊ ရှစ်ခု ပြည့်အောင် လုပ်လိုက်လို့ရှိရင် ပြီးသွားတာပဲ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ရမယ် (ရှစ်ခုပြည့်အောင်လုပ်ရမှာပါဘုရား) ရှစ်ခုပြည့်အောင်လုပ်လိုက်ရင် ပြီးသွားတာပဲဆိုတော့၊ ဘယ်လိုရှုရမှာတုံးဆိုတော့၊ အို. . . ဝေဒနာက္ခန္ဓာ ကိုယ့်ခန္ဓာပြောတာ (မှန်ပါ)၊ ဒီခန္ဓာမှန်းပြီးလို့ရှိရင် ဒီခန္ဓာကြီးကို ဒုက္ခသစ္စာပဲ၊ ဖြစ်တာလည်း ဒုက္ခသစ္စာပဲ၊ ပျက်တာလည်း ဒုက္ခသစ္စာပဲလို့ ဒီကနေပိုင် ပိုင်နိုင်နိုင်သာသိနေ (မှန်ပါ)၊ သိလို့ရှိရင် ကိုစောမောင်ချုပ်တာပဲ (မှန်ပါ)။

မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)၊ ချုပ်တော့ ဒီ သိနေတဲ့ ဒီ ဒကာ ဒကာမတို့ပြောနေတဲ့ မဂ္ဂင်က (၅)ပါးလား၊ (၈)ပါးလား မောင်နိုင် ((၈) ပါးပါဘုရား)၊ သူ့ဆီမှာ ဒီသခၤါရတွေရှိသေးရဲ့လား၊ မရှိပါဘူး၊ သခၤါရမရှိလို့ရှိရင် ဒီနေရာမှာ တစ်ခါတည်း ဒကာ ဒကာမတို့ ခင်ဗျားတို့ အင်မတန်တောင့်တနေတဲ့ နိဗ္ဗာန်ဟာ သူဖုံးနေတာ၊ နဂိုက ဒီဖြစ်ပျက်တွေ ဖုံးနေတာ၊ ဖြစ်ပျက်တွေ ဒီကုန် ဒုက္ခသစ္စာတွေ မင်းတို့မလိုချင်ဆိုတဲ့ ဒီမဂ်ဉာဏ်က လာပလိုက်တော့ ကိုစောမောင် သူဖုံးနိုင်သေးရဲ့လား (မဖုံးနိုင်ပါဘူးဘုရား)။

## နိဗ္ဗာန်ကို ဘာဖုံးနေတုံး

မဖုံးနိုင်တော့ ဒီနေရာမှာ ဘာပေါ်တုံးဆိုတော့၊ ခင်ဗျားတို့ အင်မတန်တောင့်တနေတဲ့ နိဗ္ဗာန်ဟာ ပေါ်လာတယ် (မှန်ပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကို သင်္ခါရဖုံးနေတာ (မှန်ပါ)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန် ဘာဖုံးနေတုံး (သင်္ခါရ ဖုံးနေပါတယ်ဘုရား)၊ သင်္ခါရဆိုတာ ဘာပါလိမ့် မောင်နိုင် (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ဖုံးနေတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ နိဗ္ဗာန်ဟာ (ဖြစ်ပျက်ဖုံးနေပါတယ်ဘုရား)။

ဒါဖြင့် ဒီဒုက္ခသစ္စာ ဖြစ်ပျက်၊ ဝေဒနာတို့၏ ဖြစ်ပျက်ဒုက္ခသစ္စာကို ကျုပ်တို့က ဒုက္ခသစ္စာ အစစ်ပါပဲ၊ မလိုချင်တော့ပါဘူးလို့ ဒီလိုပဲ ဉာဏ်လာလို့ရှိရင်၊ မလိုချင်တဲ့အချိန်ဟာ ကိုစောမောင် ဒီသုံးခုလည်းချုပ်၊ တစ်ခုမှ မလာဘူး (တင်ပါဘုရား)၊ ဖြစ်ပျက် ဟူသရွေ့ ဘယ့်နှယ့်နေတုံး (တစ်ခုမှမလာပါဘူးဘုရား)၊ အကုန်ဆိတ်သုဉ်းသွားတယ် (မှန်ပါ)။

## အသစ်တနိဗ္ဗာန် သွားတွေ့တယ်

ဒါဖြင့် သင်္ခါရနယ်က မလွန်သေးဘူးလား (လွန်ပါပြီဘုရား)၊ ဒါ သင်္ခါရဆိုတာ ဖြစ်ပျက်ကို သင်္ခါရခေါ်တာ (မှန်ပါ)၊

သင်္ခါရနယ်က လွန်ပြီး ဒီဉာဏ်သည် အသင်္ခတနိဗ္ဗာန်ကို သွားတွေ့တယ် (မှန်ပါ)။

သင်္ခါရနယ်ကလွန်ပြီ ဘာနဲ့သွားတွေ့တုံး (အသင်္ခတနယ် သွားတွေ့ပါတယ်ဘုရား)၊ အသင်္ခတနယ်သွားတွေ့တယ် ဒါဖြင့် ကျုပ်တို့ ဒီသင်္ခတကို မဆုံးဘဲနဲ့တော့ အသင်္ခတ ဖျတ်ခနဲ မပေါ် နိုင်ဘူး၊ သူဖုံးထားတာ(မှန်ပါ)၊ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ဟာ အမြဲတမ်းရှိသလား

ဒါကြောင့် မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဟာ ရှိသလား၊ မရှိဘူးလား လို့မေးတဲ့အခါကျလို့ရှိရင် နိဗ္ဗာန်ဟာ အမြဲရှိသလား၊ နိဗ္ဗာန်ဟာ မရှိဘူးလားလို့ မိလိန္ဒမင်းကြီးကမေးတယ်၊ ယနေ့ ရှင်းပြမယ် မောင်နိုင် (မှန်ပါ)၊ နိဗ္ဗာန်ဟာရှိသလား၊ အမြဲတမ်းရှိနေသလား၊ အမြဲတမ်းမရှိဘူးလားလို့ ရှင်နာဂသိမ် ရဟန္တာကို မေးတယ် (မှန်ပါ)။

ဒကာကြီး. . . တဲ့၊ အမြဲတမ်းရှိသလားလို့ ဒကာကြီးက လည်း မေးတယ်၊ အမြဲတမ်းမရှိဘူးလားလည်း မေးတော့၊ ကျုပ်ဖြေရမှာပဲ. . . တဲ့၊ အမှန်ကို ဒီရဟန္တာက မြင်ပြီးသား (မှန်ပါ)၊ ခုနင်က ဒုက္ခသစ္စာ၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် ဝိပဿနာအဆုံး လိုက်လို့ရတယ်၊ အဆုံးလိုက်တဲ့ပုဂ္ဂိုလ်မှာ ရှိတယ် (မှန်ပါ)၊ နဂိုကတော့

ရှိနေနှင့်တာမဟုတ်ဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ နဂိုက တော့ (ရှိနေနှင့်တာမဟုတ်ပါဘူးဘုရား)၊ ရှိနေနှင့်တာမဟုတ်ဘူး တဲ့၊ လုပ်တဲ့ပုဂ္ဂိုလ် (ရှိနေနှင့်တာပါဘုရား)၊ လုပ်တဲ့ပုဂ္ဂိုလ်၏ ရှေ့ မှာရှိတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်သည် လူတိုင်းနှင့်မဆက်ဆံပါ

ဒါဖြင့် လူတိုင်းနဲ့ ဆက်ဆံသလားလို့မေးတော့ မှတ် လိုက်၊ လူတိုင်းနှင့်မဆက်ဆံဘူး၊ နိဗ္ဗာန်သည် (လူတိုင်းနှင့် မဆက် ဆံပါဘူးဘုရား)၊ အားထုတ်တဲ့ပုဂ္ဂိုလ်နဲ့တော့ (ဆက်ဆံပါတယ် ဘုရား)၊ ဒါဖြင့် သူကလည်း လူရွေးချည်ပါလား ကိုစောမောင် (မှန်ပါ)၊ မောင်နိုင် ဘယ့်နှယ်ဆိုမတုံး (လူရွေးချည်းပါဘုရား)။

## ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်မရှိပါ

ဒါကြောင့် မေးတဲ့ပုဂ္ဂိုလ် မေးတာလည်း မောင်နိုင် မဆိုး ဘူးနော် (မှန်ပါ)၊ ဒို့အတွက် မေးတာ (မှန်ပါ)၊ ကိုစံလှ ကျုပ်တို့ အတွက်မေးတာ (မှန်ပါ)၊ နိဗ္ဗာန်ဟာ အမြဲတမ်းရှိသလား၊ သို့ မဟုတ် မရှိဘူးလား၊ အဲဒါ အရှင်ဘုရား ဖြေပါဆိုတော့၊ သူက ဖြေတယ်၊ ဒကာကြီးတဲ့ ဝိပဿနာဉာဏ်အစဉ်အတိုင်း တက်လာတဲ့ပုဂ္ဂိုလ်ကျတော့ ရှိတယ်၊ ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ် ကျတော့ မရှိဘူး (မှန်ပါ)။

ဆိုတော့ ဒီထက်အဖြေတော့ နောက်က ဒကာ ဒကာမတွေ ရှင်းဖို့ အဖြေမရှိတော့ဘူး (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ဆိုတာ ဒုက္ခငြိမ်းအေးတာ

ဒါဖြင့် အားထုတ်တဲ့ပုဂ္ဂိုလ်မှာ အဆုံးရောက်အောင်အားထုတ်ရင် (နိဗ္ဗာန်ရှိပါတယ်ဘုရား)၊ အားမထုတ်တဲ့ပုဂ္ဂိုလ်မှာတော့ (မရှိပါဘူးဘုရား)၊ နိဗ္ဗာန်ဆိုတာ ဒုက္ခငြိမ်းအေးတာ (မှန်ပါ)၊ (၁၅၀၀) ကိလေသာသိမ်းတာ သဘောကျပလား (ကျပါတယ်ဘုရား)၊ ဆင်းရဲဟူသရွေ့ ဘာမှမရှိတာ (မှန်ပါ)။

အဲ. . . ဆင်းရဲဟူသ၍ ဘာမှမရှိတော့ နိဗ္ဗာန်လို့ဆိုသဖြင့် ဩော်. . . နိဗ္ဗာန်သည် ငါတို့နေပုံထိုင်ပုံနဲ့ နိဗ္ဗာန်ရှိသလား၊ မရှိဘူးလား ကိုယ့်ဟာကိုယ်စစ်ဆေးလိုက်တာပေါ့ (မှန်ပါ)။

ငါတို့ အလုပ်လုပ်နေလို့ရှိရင်တော့ ငါတို့ အလုပ်ပြီးရင်နိဗ္ဗာန်တွေ့လိမ့်မယ် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ ငါ အလုပ်မလုပ်တော့ပါဘူးဆိုရင်ဖြင့် ငါတို့အတွက်ဟာ နိဗ္ဗာန်မရှိ ဘူး (မှန်ပါ)။

ဘယ်လို ဆုတောင်း ဆုတောင်း (မရှိပါဘူးဘုရား)၊ ဘယ့်နှယ့်ဆိုမလဲ ကိုစံလှ (မရှိပါဘူးဘုရား)၊ ဘယ်လိုဆုတောင်း ဆု

တောင်းလေဗျာ၊ ဘယ်ရှိပါ့မလဲ၊ ဒီအလုပ်လုပ်မှ ဒါ ဒုက္ခ သစ္စာ၊ ဒီ ဒုက္ခသစ္စာ ရအောင်လည်း ဖြစ်ပျက်က စခဲ့ရတယ် (မှန်ပါ)၊ ဖြစ်ပျက်ကစ၊ ဖြစ်ပျက်မှန်း၊ ဒါ ဒုက္ခသစ္စာလို့ ဆုံးဖြတ် ချက်ချမှ ဆုံး၊ မဆုံးဘူးလား၊ ဆုံးတော့မှ ဘာပေါ်လာတုံး (နိဗ္ဗာန် ပေါ်လာပါတယ်ဘုရား)။

နိဗ္ဗာန်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဆုံးမှ ဒကာ ဒကာမတို့ ဘာပေါ်လာတုံး (နိဗ္ဗာန်ပေါ်လာပါတယ် ဘုရား)၊ ဒါဖြင့် ဒါမှ မတွေ့တဲ့ပုဂ္ဂိုလ် မောင်နိုင်က နိဗ္ဗာန်တွေ့လိမ့် မယ်ဆိုလို့တော့ (မရပါဘူးဘုရား)၊ အဖုံးမှ မဖွင့်နိုင်ဘဲ နိဗ္ဗာန်တွေ့ ပါ့မလား (မတွေ့ပါဘူး)။

## ဘယ်ပုဂ္ဂိုလ်နိဗ္ဗာန်ရမှာတုံး

ဦးမူ သေချာမှတ်ပါ (မှန်ပါ)၊ နောက်က ဒကာ ဒကာမ တွေ သေချာမှတ်ထိုက်ဘူးလား (မှတ်ထိုက်ပါတယ်ဘုရား)၊ ကဲ ဒါဖြင့် ဘယ်ပုဂ္ဂိုလ် နိဗ္ဗာန်ရမှာတုံး၊ နိဗ္ဗာန်သည်ကားလို့ရှိရင် ဘယ် လိုပုဂ္ဂိုလ်ရမှာတုံး၊ နိဗ္ဗာန်သည် အမြဲရှိသလား မရှိဘူးလား ဆိုတော့ မောင်နိုင်ပဲဖြေကြည့်ပါ၊ ဘယ်နှယ့်ဆိုကြမတုံး၊ အားထုတ်တဲ့ပုဂ္ဂိုလ်အတွက် (ရှိပါတယ်ဘုရား)၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်အတွက် (မရှိပါဘူးဘုရား)။

ဒါဖြင့် လူတိုင်းနဲ့ဆက်ဆံ မဆက်ဆံ (မဆက်ဆံပါဘုရား)၊ ဒါဖြင့် လူတိုင်းနဲ့မဆက်ဆံတဲ့တရားမှ လူထူးနဲ့မှ ဆက်ဆံမှာ (မှန်ပါ)။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ လူထူး

လူထူးဆိုတာက ဘယ်လိုဟာ လူထူးတုံးမေးတဲ့အခါကျတော့မှ အလုပ်လုပ်တဲ့ပုဂ္ဂိုလ် လူထူး (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမတုံး (အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ လူထူးပါဘုရား)၊ အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်မှာ (လူထူးမဟုတ်ပါဘူးဘုရား)။

ဒါဖြင့် သမ္မာပဋိပန္န၊ သမ္မာက ကောင်းစွာ၊ ပဋိပန္န ကျင့်တဲ့ပုဂ္ဂိုလ်မှာတော့ နိဗ္ဗာန်ရှိတယ်ကွာ (မှန်ပါ)၊ ရဟန္တာက ဖြေတာနော်၊ မကျင့်တဲ့ပုဂ္ဂိုလ်မှာ (မရှိပါဘူး)၊ ဒါဖြင့် နိဗ္ဗာန်သည် ဘယ်နေရာမှာတုံးလို့ ခင်ဗျားတို့က မမေးနဲ့ (မှန်ပါ)၊ ကိုယ်ကျင့်တဲ့ပုဂ္ဂိုလ်မှ နိဗ္ဗာန်တွေ့မှာ၊ သူ့အတွက်ပေါ်လာတာ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အားမထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက်တော့ (မပေါ်ပါဘူး)၊ လောကီဥပမာ ရှင်းအောင် ဒီထက် ရှင်းအောင် ဘုန်းကြီးက ပြောလိုက်ပါ့မယ်။

## စကြဝတေးမင်းကြီး

စကြဝတေးမင်းကြီးဖြစ်တော့မယ်ဆိုလို့ရှိရင် စကြာရတနာဆိုတဲ့ ရထားကြီးဟာ တိုင်းပြည်တစ်ပြည်လုံး တင်ပြီးလေးကျွန်းနှံ့တဲ့ ရထားကြီးက စကြဝတေးမင်းဖြစ်မှ သူ့ဟာသူ ပေါ်လာတယ် (မှန်ပါ)၊ စကြဝတေးမဖြစ်ခင်ရှိလား (မရှိပါဘူး ဘုရား)။

ကိုစံလှရေ ရှိရဲ့လား (မရှိပါဘူး)၊ ဒါဖြင့် သူသည် စကြဝတေးဖြစ်အောင်လုပ်လို့သာလျှင် စကြာရတနာနဲ့တွေ့တာ (မှန်ပါ)၊ စကြဝတေးဖြစ်အောင် မလုပ်လို့ရှိရင်ဖြင့် (စကြာရတနာနဲ့ မတွေ့ပါဘူး)၊ ခုနင်က ပတ္တမြားရတနာကြီးနဲ့ကော (မတွေ့ပါဘူး ဘုရား)။

ဆင်ရတနာ၊ မြင်းရတနာတွေနဲ့ကော (မတွေ့ပါဘူး ဘုရား)၊ ဘာဖြစ်လို့ မတွေ့တုံးဆိုတော့ စကြဝတေးမင်းဖြစ်အောင် မလုပ်လို့ (မှန်ပါ)၊ ဒီမှာလည်း ခင်ဗျားတို့ ဝိပဿနာအလုပ် လုပ်လို့ရှိရင်ဖြင့် ဒီ နိဗ္ဗာန်တွေ့လိမ့်မယ် (မှန်ပါ)။

မလုပ်ဘဲနဲ့ တွေ့ချင်ပါတယ်ဆိုရင်တော့ (မရပါဘူး)၊ အော်နေမရဘူး (မှန်ပါ)၊ ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)၊ ဒါဖြင့် ဩော်. . . ဒီနေ့ဟောတဲ့တရားဟာလည်း သိမှုမှာ တော်တော်အရေးကြီးနေပါလား၊ အလုပ်မပါရင် မရတဲ့အလုပ်၊ မရတဲ့

သဘောပါရဲ့လားဆိုတာ ပေါ်လာတယ် (ပေါ်ပါတယ်ဘုရား)။

အဲတော့ ဒီအလုပ်မှ မလုပ်တော့ဘူးဆိုလို့လည်း ခုနက ပထမပြောတဲ့ဘက်၊ သူသွားတော့မယ် (မှန်ပါ)၊ သေခါနီး မျက်ရည်ကြီးငယ်ကျတဲ့ဘက်ကို မသွားပေဘူးလား (သွားပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဲဒါ အသာထားလိုက်၊ နိဗ္ဗာန် ရှိသလား မရှိဘူးလားမေးလို့ရှိရင် ဘယ့်နှယ့်ဆိုကြမတုံး (အား ထုတ်တဲ့ပုဂ္ဂိုလ်အတွက်ရှိပါတယ်)၊ ကျင့်တဲ့ပုဂ္ဂိုလ်အတွက်မှာ ရှိ တယ်၊ မကျင့်တဲ့ပုဂ္ဂိုလ် (မရှိပါဘူးဘုရား)။

ဆိုတော့ ဦးဘလေး လူတိုင်းနဲ့မဆက်ဆံ (မှန်ပါ)၊ ဒီဘက် က ဒကာတွေ ဘယ်လိုဖြေကြမတုံး (လူတိုင်းနဲ့မဆက်ဆံပါ ဘုရား)၊ လူတိုင်းနဲ့ မဆက်ဆံပါဘူးဆိုတာ အလွန်ရှင်းနေပြီ (ရှင်း ပါတယ်ဘုရား)။

## အလုပ်လုပ်တော့မှ စကြာရတနာပေါ်တယ်

ဘယ့်နှယ့်ကြောင့် ရှင်းပါလိမ့်မတုံး မေးတဲ့အခါကျတော့ မှ ဩော်. . . သူ့ဟာနဲ့သူ စကြဝတေးမင်းလိုပဲကို၊ စကြဝတေး မင်းအလုပ်ကို လုပ်တော့မှ စကြာရတနာပေါ်တယ်၊ စကြဝတေး မင်းဖြစ်ဖြစ်ချင်းတောင် ပေါ်သေးတာမဟုတ်ဘူး (မှန်ပါ)။

စကြဝတေးမင်းစောင့်တဲ့ ဥပုသ်ကို စောင့်ရဦးမယ် (မှန်ပါ)၊ ပြီးတော့မှ သူ့မေတ္တာတွေ ပို့ရဦးမယ်၊ ပြီးတော့မှ အဝတ်ဖြူစင်ကြယ် ဝတ်ရဦးမယ်၊ ဝတ်ပြီးတော့မှ စကြဝတေးမင်းတို့၏ မေတ္တာပို့တဲ့အချိန်ကျမှ စကြာက လာဆိုက်တာ (မှန်ပါ)။

စကြာအလိုလို လာဆိုက်တာလား၊ စကြဝတေးမင်းတို့၏ ထုံးတမ်းအကုန်လုပ်လို့ စကြာလာတာလား (ထုံးတမ်းအကုန်လုပ်လို့ စကြာလာတာပါဘုရား)၊ အကုန်လုပ်လို့ စကြာလာတာဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့လည်းတဲ့ သောတာပန် စကြဝတေး၊ သဏာဒါဂါမ်စကြဝတေးဖြစ်ချင်လို့ရှိရင် စကြဝတေးမင်း အလုပ်လုပ်ပါ (မှန်ပါ)။

## ဝိပဿနာ အားထုတ်မှ နိဗ္ဗာန်ပေါ်မယ်

ဈာယထ ပါပဲနော်၊ ဈာယထဆိုတာ ဘာပါလိမ့် ဝိပဿနာရှုကြ၊ ဒကာ ဒကာမတို့ ဘာယ်လိုမှာတုံး (ဝိပဿနာ ရှုကြပါဘုရား)၊ ဝိပဿနာ ရှုကြ၊ ကောင်းပြီ ဒီအလုပ်က အားထုတ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ပေါ်ပါတယ်၊ အားမထုတ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန် မပေါ်နိုင်ဘူးဆိုတာ အားမထုတ်တဲ့ပုဂ္ဂိုလ်မှာ ဒီက သမ္မာဒိဋ္ဌိက မှောင်နိုင်လာသေးရဲ့လား (မလာပါဘူး)။

သမ္မာဒိဋ္ဌိက ဝိဇ္ဇာလား အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)၊ သမ္မာဒိဋ္ဌိကလေ ဝိဇ္ဇာဆိုတော့၊ ဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်ကျတော့ အဝိဇ္ဇာက ဒီက မလာဘူးလား (လာပါတယ်ဘုရား)၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ သူက အောက်သို့ စုန်သွားတယ် (မှန်ပါ)၊ အထက်ဆန်တက်သေးရဲ့လား (မတက်ပါဘူးဘုရား)၊ ပေါ်ကြပလား (ပေါ်မပါပြီဘုရား)၊ နိဗ္ဗာန်က အထက်ဆို မှာရှိနေတယ်နော် (မှန်ပါ)။

အဝိဇ္ဇာဖြစ်တဲ့ပုဂ္ဂိုလ်က အောက်စုန်တယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်က (အောက်စုန်ပါတယ်ဘုရား)၊ အဲ... ဒါဖြင့် အောက်မစုန်ချင်လို့ရှိရင်ဖြင့် ဒီထဲက သမ္မာဒိဋ္ဌိဝိဇ္ဇာနဲ့ ဒီအဝိဇ္ဇာတွေ ဖျက်ပစ်လိုက်ပါ (မှန်ပါ)၊ မရဘူးလား (ရပါတယ်ဘုရား)။

အဲဒီလိုကျတော့ ကောင်းစွာကျင့်တဲ့ပုဂ္ဂိုလ်ဟာဖြင့်တဲ့ ဒုက္ခအဆုံးမှ နိဗ္ဗာန်ရှိတယ် (မှန်ပါ)၊ ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာ ဒီဒုက္ခသစ္စာအဆုံးမှာ (နိဗ္ဗာန်ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ရှိတယ် ရှိတယ်ဆိုတော့ ဒုက္ခသစ္စာလည်း ဉာဏ်ထဲမှာ မလိုချင်လို့ဆုံးပါရော ကိုစောမောင်ရေ၊ နိရောဓသစ္စာ ဘွားခနဲပေါ်လာတယ် (မှန်ပါ)။

တောင့်တယူရတာလားတဲ့၊ အဖုံးကို အဖွင့်ကောင်းလို့ ပေါ်လာတာလား (အဖွင့်ကောင်းလို့ ပေါ်လာတာပါဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ သုံးချက်တည်း ဖွင့်ရင် ပြီးပါတယ် (မှန်ပါ)။

## နိရောဓသစ္စာပေါ်လာတယ်

ဖြစ်ပျက်မြင်ရင် သုံးထပ်အုပ်ထားတဲ့အနက်က မောင်နိုင် တစ်ထပ်ပွင့် (မှန်ပါ)၊ ဖြစ်ပျက်မုန်းရင် (နှစ်ထပ်ပွင့်ပါတယ်ဘုရား)၊ ဖြစ်ပျက်ကို ဒုက္ခသစ္စာ အစစ်လို့ ဆုံးဖြတ်ချက်ချနိုင်ရင် (သုံးထပ် ပွင့်ပါတယ်ဘုရား)၊ သုံးထပ်ပွင့်တော့ ဒုက္ခသစ္စာ ဆုံးသွားတော့ ဘာပေါ်လာတုံး (နိရောဓသစ္စာပေါ်လာပါတယ်ဘုရား)။

နိရောဓသစ္စာပေါ်လာဆိုတော့ ဒကာ ဒကာမတွေ ဈာယထအလုပ်လုပ်တော့ ဝိပဿနာရှုလိုက်တာ (မှန်ပါ)၊ ပေါ် ပလား (ပေါ်ပါပြီဘုရား)၊ ကဲ ဒီပုဂ္ဂိုလ်တွေကြတော့၊ မဂ်ဆိုက် ပြီဆိုကြစို့ အဆုံးကို ဒါမြင်ပြီးပြီ (မှန်ပါ)၊ မြင်ပြီးနောက် မမြင်ချင် နေပေ့ါဗျာ၊ တစ်ခါမြင်ပြီးပြီ (မှန်ပါ)။

နောက်တော့ဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ပဲ ကုန်ပစေ သဘောကျပလား (ကျပါတယ်ဘုရား)၊ အဲဒီတင် ခုနင် က မဟာနာမ်မင်းကြီးက ဒါရပြီးသားဖြစ်နေတော့ ခုနင်က

ပြောပြီးတဲ့အတိုင်း ကပိလဝတ်ပြည် ထဲ သွားတယ် (မှန်ပါ)။

သွားတော့ ဆင်တွေနဲ့တွေ့ မြင်းတွေနဲ့တွေ့ဆိုတော့ သူဖြစ်ပျက် နှလုံးမသွင်းနိုင်ဘူး၊ သွင်းနိုင်သေးရဲ့လား (မသွင်းနိုင်ပါဘူးဘုရား)၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ရော မြင်နိုင်သေးရဲ့လား (မမြင်နိုင်ပါဘူးဘုရား)။

## ဒေါသက အနာဂါမ်ကျမှ ပယ်တယ်

ကြောက်လန့်ပြီးသကာလ ဒေါသမှ မပယ်သေးဘဲ ကြောက်တာပေ့ါ (မှန်ပါ)၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပယ်ပြီးသား ဒေါသက အနာဂါမ်ကျမှ ကိုပေါ်၊ ပယ်မှာကို (မှန်ပါ)။

အဲတော့ ဒကာ ဒကာမတို့ မပယ်လို့ ကြောက်နေတာ ဒကာကြီးလှိုင် ဘာအရေးကြီးတုံး၊ မပယ်သေးလို့ ကြောက်ရတာ (မှန်ပါ)၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

## အသေဆိုးများသေဦးမှာလား

ကောင်းပြီ အဲဒီကဲ့သို့ ဖြစ်နေတော့ မဟာနာမ်မင်းကြီးက အရှင်ဘုရား မြို့ထဲရွာထဲ သွားတဲ့အခါ တပည့်တော် အင်မတန်မှ ကြောက်ပါတယ်၊ အင်မတန် မှ လန့်ပါတယ်၊ ဒီအချိန်မှာ သတိကလည်းလွတ်နေတော့ သတိလွတ်တုန်းသာ သေသွားမယ်ဆို

လို့ရှိရင် ဆင်နင်းလို့သေသေ၊ လှည်းကြိတ်လို့သေသေ၊ ရန်သူတွေ သတ်လို့သေသေ မေ့နေတုန်းသေသွားမယ်ဆိုရင် တပည့်တော်ဟာ အသေဆိုးကြီးများ သေဦးမှာလား၊ ခုန နိမိတ်တွေများ မဟုတ်တာ ထင်ဦးမှာလား (မှန်ပါ)။

ဒကာကြီး ဒီလိုဒုက္ခသစ္စာကို မြင်ပြီးသားပုဂ္ဂိုလ်ဟာ အသေဆိုးမသေတော့ဘူး၊ အသားအရိုးဟာ မြေထဲသွားမယ်၊ စိတ်က နိဗ္ဗာန်အာရုံပြုမယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## စိတ်က နိဗ္ဗာန်အာရုံပြုမယ်

အသားအရိုးသာ (မြေထဲသွားမှာပါဘုရား)၊ မြေထဲမြုပ်ရမှာတဲ့ စိတ်ကတော့ နိဗ္ဗာန်သာ အာရုံပြုတယ်၊ အထက်တက်သွားတယ် သဘောပါပလား (ပါပါပြီဘုရား)။

ဆီအိုး၊ ထောပတ်အိုး ရေထဲမှာ ကွဲသလို အိုးခြမ်းပဲ့သာတဲ့ (ရေထဲမြုပ်ပါတယ်ဘုရား)၊ ဆီတို့၊ ထောပတ်တို့က (ရေပေါ်ပေါ်နေပါတယ်ဘုရား)။

## အပါယ်ဆိုတာ မြူမှမသန်းတော့ဘူး

ဒီမှာလည်း ဒကာ ဒကာမတွေ ဘာမှမပူပါနဲ့တဲ့၊ ဒီအတိုင်းပဲ ခင်ဗျားတို့ဖြစ်မြောက်အောင် လုပ်လို့ရှိရင် ဒီအတိုင်း

တက်ပြီးသကာလ အပါယ်လေးပါးဆိုတာ မြူမျှ မသန်းတော့ဘူး (မှန်ပါ)၊ သဘောပါကြပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဒီနေ့သည်ကားလို့ဆိုလို့ရှိရင် မှတ်စရာသုံးခုထဲပဲ ပါတယ် နော်၊ အသေဆိုး သေတာတစ်မျိုး၊ အသေကောင်း သေတာတစ်မျိုး၊ နိဗ္ဗာန်ဘယ်သူဖုံးနေတယ်ဆိုတာ သိတာ တစ်မျိုး၊ သင်္ခါရဖုံးနေတာ၊ နိဗ္ဗာန်သုံးချက်ဖုံးနေတယ် (မှန်ပါ)၊ ဝေဒနာရှိတဲ့ပုဂ္ဂိုလ် ဒေနာသုံးမျိုးဖုံးနေတယ် (မှန်ပါ)၊ စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်တွေဖုံးနေတယ် (မှန်ပါ)၊ ဒါတွေ အကုန်ဖယ်လိုက် လို့ ဒုက္ခသစ္စာတွေ မလိုချင်ဘူးဆိုလို့ရှိရင် ဘယ့်နှယ့်များနေကြ တုံး၊ နိရောဓပေါ်လာတယ်၊ အဖုံးဖွင့်လိုက်တာကို မောင်နိုင်ရ (မှန်ပါ)။

ကိုမြင့် ဘယ်လိုပါလိမ့် (အဖုံးဖွင့်လိုက်တာပါဘုရား)၊ အဖုံးဖွင့်လိုက်တော့ နိဗ္ဗာန်ဖုံးနေတဲ့ တရားပေါ်လာတယ်ဆိုတော့ နဂိုရှိနှင့်သလားဆိုတဲ့ သံသယဟာ ရှိမှာစိုးလို့ ခုနက အမေးပြန် ထည့်လိုက်တာ (မှန်ပါ)။

## နိဗ္ဗာန်သည် အားထုတ်တဲ့ပုဂ္ဂိုလ်အတွက်

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ ဒကာမတို့ တရားလည်း သိမ်း တော့မယ်၊ အမြဲရှိသလား၊ မရှိဘူးလား မေးရင် ဘယ့်နှယ့်ဆိုကြ

မတုံး၊ အားထုတ်တဲ့ပုဂ္ဂိုလ်အတွက် (ရှိပါတယ်ဘုရား)၊ အားမထုတ်တဲ့ပုဂ္ဂိုလ် (မရှိပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အားမထုတ်တဲ့ပုဂ္ဂိုလ်အားလည်း မထုတ်ဘူး၊ သူက ဘုရားရှေ့သွားပြီး ပေးတော်မူပါလုပ်နေတာ၊ ပေးတော်မူပါ။ ကမ်းတော်မူပါဆိုလို့ရှိရင် ကိုစောမောင်ဘယ်လိုဆုံးဖြတ်ချက်ချမတုံး (မရပါဘူးဘုရား)။

ဒါဖြင့် အားထုတ်ပြီးယူကြပါဆိုတာကို ဒီနေ့ တရားသိမ်းပါတယ် (မှန်ပါ)၊ သဘောကျပလား (ကျပါတယ်ဘုရား)၊ ဒါဖြင့် နက်ဖန်မှ ဆက်နာပါတဲ့ (မှန်ပါ)၊ သဘောကျပလား (ကျပါတယ်ဘုရား)၊ ဒါဖြင့် နက်ဖြန်မှဆက်နာ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။